ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ တပို့တွဲလပြည့်၊ ကြာသပတေးနေ့၊ (1-2-2007) (၅၂၂၀)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ချင်းတွင်းမြစ်အနောက်ဘက်ကမ်းနှင့် ရေဝတီမြစ်အနောက်ဘက်ကမ်းဒေသများ ဖွံ့ဖြိုးတိုးတက်လာစေရေး စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ ပုံတောင်ပုံညာဒေသနေပြည်သူများ၏ လူမှုရေး၊ စီးပွားရေး တစ်နေ့တခြားတိုးတက်လာ

နေပြည်တော် ဇန်နဝါရီ ၃၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဇန်နဝါရီ ၂၉ ရက် ညနေပိုင်းတွင် စစ်ကိုင်းတိုင်း မုံရွာမြို့သို့ ရောက်ရှိကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဇန်နဝါရီ ၃၀ ရက် နံနက် ၇ နာရီတွင် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ချင်းတွင်းတံတား(မုံရွာ)ကို ဖြတ်သန်း၍ မုံရွာ–ယင်းမာပင်ကားလမ်းအတိုင်း ထွက်ခွာခဲ့ကြရာ ရုံတောကျေးရွာအနီး၌ အရှည် ၉၄၇ပေရှိ မြောက်ယမားချောင်းတံတားသို့ ရောက်ရှိကြပြီး မြောက်ယမားချောင်း၏ ရေစီးရေလာအခြေအနေများနှင့် မြောက်ယမားချောင်းတံတား၏ ကြံ့ခိုင်ရေး ထိန်းသိမ်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ စစ်ကိုင်းတိုင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးကြီး ဦးခင်မောင်တင့်က လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တံတားသည် သစ်သားတံတားဖြစ်သော်လည်း မုံရွာ–ယင်းမာပင်–ဆားလင်းကြီး–ပုလဲ ကားလမ်းပိုင်းပေါ်တွင် အဓိကအားထားရသော တံတားတစ်စင်းဖြစ်၍ ရေရှည်အသုံးပြုနိုင်ရန် တိုင်းပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနတို့က အမြဲမပြတ်

စာမျက်နှာ ၅ ကော်လံ ၁ သို့ *

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မြောက်ယမား ရေကူရေလှောင်တမံ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကြေးမုံ The Mirror

ဆောင်းပါး အညွှန်း

မြန်မာ့ပြည်တွင်းရေးကို အမေရိကန်နဲ့ ဗြိတိန်တို့ ဆက်လက်ဝင်ရှုပ်နေခဲ့ကြတာ ကြာပါပြီ။ သောင်းကျန်းသူတွေ၊ ပြည်ပြေးတွေ၊ ဆူပူရေးသမားတွေ၊ အကြမ်းဖက် ဖောက်ခွဲတိုက်ခိုက်သူတွေ၊ ပြည်ထောင်စုပြိုကွဲအောင် လုပ်သူတွေကို ဆက်တိုက်ကူညီပံ့ပိုးပြီး သူတို့ရဲ့ နယ်ချဲ့လုပ်ရပ်တွေမှာ အသုံးချခဲ့တာတွေ ငြီးကာချဲ့လို့ မဆုံးတော့ပါဘူး။

မောင်ကာဠု၏ **“ဟုတ်ပါ့မလား မောင်ကာဠုရဲ့.... ဒါ့ထက်တောင်ပိုသေး”**

(ဆောင်းပါး) စာမျက်နှာ–၆/၇

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၁-၂-၂၀၀၇ (ကြာသပတေးနေ့)

စာပေစွမ်းအား အခိုင်အမာတည်ဆောက် အမျိုးသားရေးအကျိုးစီးပွား ကာကွယ်စောင့်ရှောက်

စာပေသည် အမျိုးသားယဉ်ကျေးမှု၏ အရင်းအမြစ်ဖြစ်သည်။ ထို့အပြင် စာပေသည် လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှု မဏ္ဍိုင်လည်းဖြစ်ရာ နိုင်ငံနှင့်လူမျိုး၏ ယဉ်ကျေးမှုအဆင့်အတန်းကို ထင်ဟပ်ဖော်ညွှန်း ပြသနေပေသည်။

စာပေပညာရှင်များသည် မြန်မာ့သမိုင်းစဉ်တစ်လျှောက်တွင် မြန်မာစာပေအမွေအနှစ်များကို ဆက်ခံခွင့်ရရှိခဲ့ကြရာ အမျိုးသားရေး အမွေအနှစ်များအား မျိုးဆက်သစ်များထံ မပျက်မယွင်း လက်ဆင့်ကမ်း သယ်ဆောင်သွားကြရမည်ဖြစ်သည်။ တစ်ချိန်တည်းတွင် မြန်မာစာပေ ရှင်သန်တိုးတက်ဖြစ်ထွန်းရေး ပင်မရေစီးကြောင်း အရှိန်အဟုန် ကောင်းကောင်းဖြင့် စီးဆင်းနေစေရေး ကြိုးပမ်းအားထုတ်ကြရမည် ဖြစ်သည်။

နိုင်ငံတော်က စာပေလောကရှင်သန်ထွန်းကားရေးအတွက် ဘက်စုံ၊ ကဏ္ဍစုံက ပံ့ပိုးအားပေးကူညီလျက်ရှိသည်။ စာပေပညာရှင်များနှင့် စာပေလက်ရာမွန်များကို နှစ်စဉ်ရွေးချယ် ဖော်ထုတ်ပြီး စာပေဆုနှင်းသဘင်ပွဲများဖြင့် ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်လျက်ရှိသည်။

၂၀၀၅ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုနှင့် (၁၇)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ်စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ဆုနှင်းသဘင် အခမ်းအနားကို ဇန်နဝါရီလ ၃၀ ရက်နေ့က နေပြည်တော် မြို့တော်ခန်းမတွင် ကျင်းပပြီး စာပေဆုရရှိသူ စာပေပညာရှင်များအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

စာပေပညာရှင်များအနေဖြင့် ပြည်သူများ ခေတ်နှင့် တစ်ပြေးညီ အသိအမြင်ပွင့်လင်းစေရန်၊ နိုင်ငံတကာ အခြေအနေမှန်ကို မျက်ခြည်မပြတ် လေ့လာသုံးသပ်နိုင်စေရန်၊ အမျိုးသားရေးအသိအမြင်၊ အမျိုးသားရေးစိတ်ဓာတ် ကြည်လင်ထက်သန်နေစေရန် စာပေစွမ်းပကားဖြင့် အကျိုးဆောင်ပေးရန် တာဝန်ရှိပေသည်။

အနောက်နိုင်ငံကြီးအချို့က မြန်မာနိုင်ငံအပေါ် ဩဇာစွက်ဖက် ခြယ်လှယ်နိုင်ရန် ရည်ရွယ်ပြီး စီးပွားရေးနယ်ပယ်၊ ယဉ်ကျေးမှုနယ်ပယ်၊ ရုပ်ရှင်နှင့်ဂီတ အနုပညာနယ်ပယ် အသီးသီးတွင် ၎င်းတို့လိုလားသော အုပ်ချုပ်ရေးပုံစံ၊ ယဉ်ကျေးမှုဓလေ့စရိုက်များ ပျံ့နှံ့စိမ့်ဝင်လာစေရန် ကြံစည်လုပ်ဆောင်လျက်ရှိသည်။

ယင်းသို့သော အခြေအနေအချိန်အခါမျိုးတွင် ပြည်တွင်း၊ ပြည်ပ ချိတ်ဆက်လုပ်ကြံ စွပ်စွဲနေမှုများအား အမှန်အတိုင်း သိမြင်စေရေးနှင့် မြန်မာနိုင်ငံအပေါ် အသိအမြင် ရှင်းလင်းစေရေးအတွက် စာပေပညာရှင်များက စာပေရှုထောင့်မှ အင်နှင့်အားနှင့် တုံ့ပြန်ရေးသားကြရမည်ဖြစ်သည်။ သို့ဖြစ်ရာ စာပေပညာရှင်များက အမျိုးသားရေး စိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ် စိတ်ဓာတ်ဖြင့် စာပေစွမ်းအားကို အခိုင်အမာတည်ဆောက်ပြီး တိုင်းကျိုးပြည်ပြု စာပေတာဝန် ထမ်းဆောင်ရင်း အမျိုးသားရေး အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက် သွားနိုင်ကြမည်ဟု ယုံကြည်ပါသည်။ ။

မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး ဆောက်လုပ်ရန်အတွက် စမ်းချောင်းမြို့နယ် ဝေဠုဝန်အိမ်ရာနေ ဒေါ်မြမြစိမ်း၊ သမီး လွင်လွင်ထွန်း၊ ဥမ္မာထွန်းနှင့် ခုနစ်ရက်သားသမီးများ စုပေါင်းလှူဒါန်းငွေ ကျပ် ၂၃၉၉၀၀ နှင့် အမေရိကန်ဒေါ်လာ ၈၀ ကို ကျောင်းအကျိုးတော်ဆောင် ဒေါ်တင်တင်မြင့်ထံ ပေးအပ်လှူဒါန်းရာ မဟာသိမ်တော်ကြီး စာချနာယက ဆရာတော် အရှင်ဂန္ဓသာရက ဂုဏ်ပြုလွှာချီးမြှင့်စဉ်။

(က-ပ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း အင်းစိန်လမ်းမကြီးအား ကတ္တရာကွန်ကရစ် ခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(၁၉)

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း အင်းစိန်လမ်းမကြီး ကတ္တရာခင်းကျင်းမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)ဌာနမှူး ဦးဗိုလ်ဌေး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဌာနမှူး ဦးလင်းထွန်းမြင့်တို့လိုက်ပါလျက် ယမန်နေ့နံနက်က ရန်ကုန်မြို့တော် သန့်ရှင်း သပ်ရပ်စေရေး၊ ယာဉ်သွားလာမှု အဆင်ပြေချောမွေ့စေရေးနှင့် မြို့တော်အဆင့်မြင့်စေရေးတို့အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်နေသည့်လုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်ချက်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းသို့ ကြည့်ရှုစစ်ဆေးရာတွင် မြို့တော်ဝန်သည် နံနက် ၇ နာရီတွင် လှိုင်မြို့နယ် အင်းစိန်လမ်းမကြီး လမ်းဖြတ် ဓမ္မသုခရေနုတ်မြောင်းအား ရေစီးရေလာ ကောင်းမွန်စေရန် ဆောင်ရွက်နေမှုကိုလည်းကောင်း၊ အင်းစိန်လမ်းမကြီးတစ်လျှောက် ၆၆ပေကျယ် ခြောက်လမ်းသွား ကတ္တရာကွန်ကရစ် ထပ်ပိုးလွှာ ခင်းကျင်းနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများအား ရေရှည်တည်တံ့ရန် စနစ်တကျ လုပ်ဆောင်ရန် မှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ထိုမှတစ်ဆင့် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် မရမ်းကုန်းမြို့နယ် တော်ဝင်လမ်းရှိ အဆင့်မြင့် တော်ဝင် ရန်ကုန်မြို့တော်ဟိုတယ် လုပ်ငန်းခွင်သို့ရောက်ရှိလာပြီး ဟိုတယ်တွင်အခန်းဖွဲ့စည်းထားမှု၊ အလှမီးဆိုင်းများတပ်ဆင်ထားမှုနှင့် ဟိုတယ်ဝန်းကျင်တွင် မြေယာပြုပြင်ထားမှု၊ အရိပ်ရအပင်၊ ပန်းအလှပင်များ စိုက်ပျိုးထားမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ (၁၉)

ပြည်သူလူထုအခြေပြုစောင့်ရှောက်မှုပေးသည့် လုပ်ငန်းဆောင်ရွက်ခြင်း အခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကျင်းပသည့် အေအိုင်ဒီအက်စ်၊ တီဘီနှင့် အခြားနာတာရှည်ရောဂါ ဝေဒနာရှင်များအား ပြည်သူလူထုအခြေပြု စောင့်ရှောက်မှုပေးသည့် လုပ်ငန်းဆောင်ရွက်ခြင်းအခမ်းအနားကို ဇန်နဝါရီ ၂၅ရက် နံနက် ၁၀နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ်ရှိ မြောက်ဥက္ကလာပစက်မှုဇုန် ကနောင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေကအမှာစကား ပြောကြားပြီး အေအိုင်ဒီအက်စ်၊တီဘီနှင့် အခြားနာတာရှည်ရောဂါဝေဒနာရှင်များအားပြည်သူလူထုအခြေပြု စောင့်ရှောက်မှုလုပ်ငန်းများအတွက် အလှူရှင်များက လှူဒါန်းကြသည့်အလှူငွေကျပ်၁၄၈၀၀၀၀ ကို လက်ခံသည်။ **(အပေါ်ပုံ)**

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့အတွင်းရေးမှူး တိုင်းကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာလှမြင့်က ရန်ကုန်တိုင်းအတွင်း ဆောင်ရွက်လျက်ရှိသည့် ပြည်သူလူထုအခြေပြု စောင့်ရှောက်မှု လုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ဦးက မြို့နယ်အတွင်း ဆောင်ရွက်မည့် ပြည်သူလူထုအခြေပြု စောင့်ရှောက်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထောက်ပံ့

အခမ်းအနားအပြီးတွင် ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့် အဖွဲ့ဝင်များသည် မြောက်ဥက္ကလာပမြို့နယ် (၂)ရပ်ကွက်သို့ သွားရောက်၍ ရောဂါဝေဒနာရှင်နှင့် မိသားစုများအား လိုက်လံအားပေးစကား ပြောကြားပြီး ဆေးဝါးများ၊ အာဟာရ အစားအစာများ ထောက်ပံ့ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်ပညာရေးတက္ကသိုလ် မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်ပညာရေးတက္ကသိုလ် (၁၂) ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကိုဇန်နဝါရီ၂၇ရက်က တက္ကသိုလ်ရိပ်သာလမ်းရှိ တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပရာ ရန်ကုန်ပညာရေးတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော သက်ပြည့်အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများ တက်ရောက်အပူဇော်ခံကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ ကွယ်လွန်သွားသော ကျေးဇူးရှင်မြတ်ဆရာတို့အား တပည့်များက မေတ္တာပို့ အမျှဝေကြပြီး ရန်ကုန်ပညာရေး တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါ်ထူးထူးအောင်က မြတ်ဆရာတို့၏ ဂုဏ်ကိုရည်စူး၍ အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ကမ္ဘောဇဘဏ်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းနှင့် ဇနီး ဒုတိယဥက္ကဋ္ဌ ကျောင်းသူဟောင်း ဒေါ်နန်းသန်းထွေးတို့၏ မြတ်ဆရာပူဇော်ပွဲအတွက် လှူဒါန်းငွေ ကျပ် ၇၁ သိန်း တစ်သောင်းနှင့် မြတ်ဆရာများ၏ ကျန်းမာရေး စောင့်ရှောက်မှုအတွက် လှူဒါန်းငွေ ကျပ်သိန်း ၆၀ တို့ကို အလှူရှင်များ ကိုယ်စား ဦးစိုင်းလုံးကျောက်က ပေးအပ်ရာ မြတ်ဆရာပူဇော်ပွဲကော်မတီ ဥက္ကဋ္ဌ ဦးအုန်းမြင့်နှင့် အတွင်းရေးမှူး ဦးရှိန်းလိမ်းအောင်တို့က လက်ခံယူကြသည်။

(ပညာရေး)

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်

- ❒ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ် အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊
- ❒ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊
- ❒ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊
- ❒ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊
- ❒ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

ဗုဒ္ဓစာပေဆုနှင့် စာအောင်ဆုချီးမြှင့်ပွဲ

ရန်ကုန် ဇန်နဝါရီ ၃၁

အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝေပုလ္လ၏ ဆဋ္ဌမအကြိမ်မြောက် ဗုဒ္ဓစာပေဆုနှင့် စာအောင်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ၁၃၆၈ခုနှစ် တပို့တွဲလပြည့်ကျော် ၁၀ရက် (၂၀၀၇ခုနှစ် ဖေဖော်ဝါရီ ၁၁ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြို့မရပ်ကွက် ကြားတောရလမ်းရှိ မဟာသာသနဝေပုလ္လကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ ဆုရရှိကြသော သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များ ကြွရောက်ဆုချီးမြှင့်ခံယူကြရန် သက်ဆိုင်ရာက ကြေညာထားသည်။

ဗုဒ္ဓစာပေဆုနှင့် စာအောင်ဆု ငွေပဒေသာပင် စိုက်ထူလှူဒါန်းလိုကြသော အလှူရှင်များသည် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တဓမ္မတိဏ္ဏ၊ မဟာသာသနဝေပုလ္လကျောင်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၀၈၆၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သူတော်ကောင်းယောကျ်ားမြတ်တို့၏ လက္ခဏာ (၄)ပါး

၁။ သူတော်ကောင်းယောကျ်ားမြတ်သည် သူတစ်ပါး၏ ဂုဏ်မဲ့စကား မကောင်းကြောင်းကို မပြောတတ်၊ မကောင်းကြောင်းကို မေးလာလျှင်သော်မှ ထင်ထင်ရှားရှားမပြောတတ်ပေ၊ သို့ရာတွင် ပြဿနာတစ်ခုကို အကြောင်းပြုပြီး မဖြစ်မနေမေးလာ၍ မပြောမဖြစ်သည့်အခါ ဆိုင်းဆိုင်းတွတွ မပြည့်မစုံ အကျယ်မဖွင့်ဘဲ ပြောဆိုတတ်သည်။

၂။ သူတစ်ပါး၏ဂုဏ်ရှိသည့်စကားကို မမေးသော်လည်း မုဒိတာပွား၍ ထင်ရှားစွာပြောတတ်သည်။

၃။ မိမိအတွက်ကိုမူ ဂုဏ်တက်စကားပင်ဖြစ်စေ ကြွားဝါပြောဆိုခြင်း မရှိဘဲ အရှိကိုအရှိအတိုင်း အနစ်နာခံ၍ ထင်ရှားအောင်ပြောဆိုတတ်သည်။

၄။ မိမိ၏ဂုဏ်ကိုမြင့်တက်စေရန်အတွက် သူတစ်ပါးက မေးလာသော်လည်း ဂုဏ်ယူဝင့်ကြွားစွာ ထုတ်ဖော်ပြောဆိုခြင်းမျိုး မပြုဘဲ မထင်မရှားသာပြောကြားတတ်သည်။

ဤသို့အပြုအမူမျိုးဖြင့် ပြောဆိုနေထိုင်တတ်သူများကို လောကတွင် သူတော်ကောင်းယောကျ်ားမြတ်ဟု အသိအမှတ်ပြုကြပါသည်။

(စတုကအင်္ဂုတ္တိုရ်၊ ဒုပဏ္ဏာသက)

(သာသနာရေး)

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား တရုတ်ပြန်ကြားရေးအဖွဲ့ တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၃၁

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား မြန်မာ-တရုတ်နှစ်နိုင်ငံ ပြန်ကြားရေးဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရန်အတွက် မြန်မာနိုင်ငံ၌ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ပြန်ကြားရေးဌာန ဒုတိယညွှန်ကြားရေးမှူး (ဒုတိယဌာနကြီးမှူး) ဒုတိယဝန်ကြီးအဆင့်ရှိ H.E. Mr. Cai Mingzhao ခေါင်းဆောင်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြန်ကြားရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁နာရီ ၁၅မိနစ်တွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

(သတင်းစဉ်)

လာရောက်တွေ့ဆုံ

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ပြန်ကြားရေးဌာန ဒုတိယညွှန်ကြားရေးမှူး(ဒုတိယဌာနကြီးမှူး) ဒုတိယဝန်ကြီးအဆင့်ရှိ H.E Mr. Cai Mingzhao ခေါင်းဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသည့် (၆၂)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ခရိုင်အလုပ်အမှုဆောင် ဒေါ်အေးအေးမြင့် ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်၊ ဆေးပဒေသာပင်လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၃၁

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကကြီးမှူး၍ ရန်ကုန်တောင်ပိုင်းခရိုင် ဆိပ်ကြီးခနောင်တိုမြို့နယ် ပြည်သူ့ဆေးရုံ သန့်ရှင်းရေး၊ စိမ်းလန်း စိုပြည်သာယာလှပရေး စုပေါင်းဆောင်ရွက်မှုနှင့် ဆေးပဒေသာပင်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါမြို့နယ် ပြည်သူ့ဆေးရုံ၌ကျင်းပသည်။

ရှေးဦးစွာ ဆိပ်ကြီးခနောင်တိုမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်ယဉ်ယဉ်မိုးက ဆေးရုံဝင်းအတွင်း သန့်ရှင်းရေးနှင့် စိမ်းလန်းစိုပြည် သာယာလှပစေရေးတို့အတွက် လုပ်ကွက်ခြောက်ကွက်ခွဲကာ သန့်ရှင်းရေး ဆောင်ရွက်မှုနှင့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်နှင့် အဖွဲ့ဝင်များသည် ပြည်သူ့ဆေးရုံဥပစာ၌ကျင်းပသော ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ ခြံစည်းရိုးကြက်ဆူပင်များကို အမှတ်တရ စိုက်ပျိုးပေးကြပြီး ဆေးရုံဝင်းအတွင်း လူမှုရေး အသင်းအဖွဲ့ဝင်များ စုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆေးပဒေသာပင်လှူဒါန်းပွဲကို အဆိုပါဆေးရုံ ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ဆေးပဒေသာပင် ငွေလှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဆေးပဒေသာပင် စိုက်ထူရန် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကိုယ်စား ပဲခူးတိုင်းဒေသစည်းရုံးရေးမှူး ဒေါ်ဝေဝေသင်းနှင့် အဖွဲ့ချုပ်အတွင်းရေးမှူး အဖွဲ့ဝင် ဒေါက်တာဒေါ်သက်သက်ဇင်တို့က ငွေကျပ်နှစ်သိန်း၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက၊ ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဒေါ်မာမာဝေက ငွေကျပ်နှစ်သိန်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်နှစ်သိန်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့်ဇနီး ဒေါက်တာဒေါ်ခင်ဆန်းနွယ် မိသားစုတို့က ငွေကျပ်တစ်သိန်း၊ ဗိုလ်မှူးချုပ်စည်သူတင်ဖေ (ငြိမ်း)-ဒေါ်သိန်းဆိုင် (စာရေးဆရာမကြီး မမြတ်လေး)နှင့် သားသမီးမြေးတို့က ငွေကျပ်တစ်သိန်း၊ ဦးဉာဏ်ဝင်း-ဒေါ်အေးအေးမာ (ရေယာဉ်ပိုင်ရှင်) တို့ကငွေကျပ်သိန်း၂၀၊ ဦးကြူးခင် (ရေယာဉ်ပိုင်ရှင်)က ငွေကျပ်ငါးသိန်း၊ ဦးဝင်းကျော်(မွေးမြူရေးလုပ်ငန်းရှင်၊ တွံတေးမြို့နယ်)၊ဒေါ်ကျင်စိန်(ကော့မှူးမြို့နယ်)၊ ဦးစိုးဝင်း (ကွမ်းခြံကုန်းမြို့)နှင့် ငါးဒိုင်လုပ်ငန်းရှင်များအဖွဲ့ (ဒလမြို့နယ်)တို့က ငွေကျပ်နှစ်သိန်းစီ၊ ဦးဖိုးပြည့်-ဒေါ်အေးကြည်(ခနောင်တိုအရှေ့)၊ ဦးစိန်လွင်-ဒေါ်ဖြူဖြူခိုင် (သန်လျင်မြို့)၊ ဦးလှသိန်း(ကျောက်တန်းမြို့)၊ ဦးကျင်သောင်း (သုံးခွမြို့)၊ ဦးခင်မောင်ရင် (သုံးခွမြို့)၊ဒေါ်လှလှ(ခရမ်းမြို့)၊ ဒေါ်မြကြူ (ဆိပ်ကြီးအရှေ့ရပ်ကွက်)၊ ဒေါ်နွဲ့နွဲ့ရီ (ဆိပ်ကြီးအရှေ့ရပ်ကွက်)၊ ဦးဝင်းမြင့်-ဒေါ်မြင့်မြင့်သန်း(မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်)နှင့် ဦးခင်မောင်အေး-ဒေါ်စန်းစန်းမြင့်(ဆိပ်ကြီးခနောင်တို) တို့က ငွေကျပ်တစ်သိန်းစီ အပါအဝင် စုစုပေါင်းငွေကျပ် ၅၁သိန်းကို ပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန ဒုတိယဦးစီးဌာနမှူး ဒေါက်တာဒေါ်နွယ်နီအုန်းနှင့် ဆိပ်ကြီးခနောင်တိုမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်ယဉ်ယဉ်မိုးတို့က လက်ခံကြပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။ (သတင်းစဉ်)

စာကြည့်တိုက်များအတွက် စာအုပ်များလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၃၁

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ စာကြည့်တိုက်များအတွက် ဒုတိယဗိုလ်ချုပ်ကြီးချစ်ဆွေ(ငြိမ်း)က ငွေကျပ်ခုနစ်သိန်းတန်ဖိုးရှိ "နှောင်စစ်သည်" ရေးသားသော "သေတစ်နေ့ မွေးတစ်နေ့" စာအုပ် အတွဲ(၁)နှင့် အတွဲ(၂) အုပ်ရေ ၂၀၀ကို ယမန်နေ့ ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ ရှမ်းကန်စားသောက်ဆိုင်၌ လှူဒါန်းရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အဆိုပါ စာအုပ်များကို ခရိုင်မြို့များနှင့် မြို့နယ်ပေါင်း ၂၀၀ရှိ ပြန်ကြားရေး စာကြည့်တိုက်များသို့ အများပြည်သူလူထု အခမဲ့ဖတ်ရှုနိုင်ရန် ဖြန့်ဝေပေးပို့မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ထူးခြားသည့် ညအပူချိန်များ

၃၁-၁-၂၀၀၇

ပင်လောင်း	၄ ဒီဂရီ စင်တီဂရိတ်
ရန်ကုန်	၁၈ ဒီဂရီ စင်တီဂရိတ်

ဂျပန်နိုင်ငံ အိုကာယာမဒေသ တာကာဟာရှီမြို့ရှိ ကြက်ဘဲမွေးမြူရေးခြံတွင် ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ခြင်းမရှိစေရန် ပိုးသတ်ဆေးပက်ဖျန်းနေကြသည်ကို ဇန်နဝါရီ ၂၉ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်ကိုကျူးကျော်ခဲ့မှုကြောင့် ဖြစ်ပေါ်ရသည့် ပြဿနာကို သမ္မတဘုရှ် မဖြေရှင်းဘဲထားလျှင် တာဝန်မဲ့လုပ်ရပ်ဖြစ်မည် အီရတ်မှ တပ်ဖွဲ့ရုပ်သိမ်းရေး ဟီလာရီကလင်တန် တိုက်တွန်း

ဒါဗင်ပို့ (အိုင်အိုဝါ) ဇန်နဝါရီ ၃၀

အမေရိကန် သမ္မတ ဂျော့ဂျ်ဒဗလျူဘုရှ်သည် သမ္မတရာထူး၌ သက်တမ်းမကုန်ဆုံးမီတွင် အီရတ်မှ အမေရိကန်တပ်ဖွဲ့များ အပြီးရုပ်သိမ်းနိုင်ရေးအတွက် ဆောင်ရွက်သင့်ကြောင်း၊ အီရတ်နိုင်ငံကို ကျူးကျော်တိုက်ခိုက်ခဲ့မှုကြောင့် ဖြစ်ပေါ်လာရသည့် ပြဿနာကို လာမည့်အစိုးရအဖွဲ့ တာဝန်ယူချိန်အထိ မဖြေရှင်းဘဲထားရှိမည်ဆိုပါက ယင်းမှာ အဆိုးရွားဆုံး တာဝန်မဲ့လုပ်ရပ်ဖြစ်လိမ့်မည်ဖြစ်ကြောင်း ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်း ဟီလာရီကလင်တန်က တနင်္ဂနွေနေ့တွင် ပြောကြားလိုက်သည်။

အီရတ်နိုင်ငံကို ကျူးကျော်တိုက်ခိုက်ရန် ဆုံးဖြတ်ခဲ့သူမှာ သမ္မတဘုရှ်သာလျှင်ဖြစ်ကြောင်း၊ အီရတ်စစ်ပွဲ ဆင်နွှဲရန် အစီအစဉ် ရေးဆွဲခဲ့ရာတွင်လည်းကောင်း၊ အီရတ်စစ်ပွဲမဟာဗျူဟာကို ကျင့်သုံးရာတွင်လည်းကောင်း သမ္မတဘုရှ် အားနည်းချက်များရှိခဲ့ကြောင်း၊ သမ္မတဘုရှ်သည် သမ္မတရာထူးကို မစွန့်ခွာမီ ၎င်းဖန်တီးခဲ့သော ပြဿနာကို ၎င်းကိုယ်တိုင် ဖြေရှင်းသွားသင့်ကြောင်း ဟီလာရီက ပြောကြားသည်။

ဟီလာရီကလင်တန်သည် အီရတ်နိုင်ငံသို့ အမေရိကန်တပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်မည့် သမ္မတ ဘုရှ်၏ အစီအစဉ်ကို ကန့်ကွက်ခဲ့သည်။

အိုင်အိုဝါပြည်နယ် ဒါဗင်ပို့မြို့တွင် ကျင်းပသည့် လူထုအစည်းအဝေးပွဲ၌ ဟီလာရီကလင်တန်က အီရတ်ဆိုင်ရာ အမေရိကန်အစိုးရ၏ မူဝါဒကို ဝေဖန်ပြောဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

ဇန်နဝါရီလအတွင်း ဂျပန်နိုင်ငံ အနောက်ပိုင်း၌ ကြက်ငှက်တုပ်ကွေး သုံးကြိမ်ဖြစ်ပွား

တိုကျို ဇန်နဝါရီ ၃၀

ဂျပန်နိုင်ငံအနောက်ပိုင်း အိုကာယာမဒေသ၌ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားသော လက္ခဏာများကို ထပ်မံတွေ့ရကြောင်း ဂျပန်စိုက်ပျိုးရေးဝန်ကြီးဌာနက ဇန်နဝါရီ ၂၉ ရက်တွင် အတည်ပြုပြောကြားသည်။

ယခုတစ်ကြိမ် ကြက်ငှက်ရောဂါဖြစ်ပွားကြောင်း တွေ့ရှိသည့်အဖြစ်ကိုပါ ထည့်တွက်လျှင် ဇန်နဝါရီလအတွင်း ယင်းရောဂါဖြစ်ပွားကြောင်း သိရှိရသည်မှာ သုံးကြိမ်ရှိသွားပြီဖြစ်သည်။

တာကာဟာရှီမြို့ရှိ ကြက်ငှက်ပေါင်း ၁၂၀၀၀ တို့အနက် ၃၉ ကောင်မှာ ကြက်ငှက်တုပ်ကွေးရောဂါကြောင့် သေဆုံးခဲ့ရသည်။ ယင်းတို့ကို စစ်ဆေးရာ H5 ရောဂါ၏ မျိုးကွဲဖြစ်သော ကြက်ငှက်တုပ်ကွေးရောဂါပိုးကို တွေ့ရသည်ဟုဆိုသည်။

ယင်းပိုးအမျိုးအစားသည် H_5N_1 ရောဂါပိုးမျိုး ဟုတ်၊ မဟုတ် အတည်ပြုနိုင်စေရန် ဆက်လက်စမ်းသပ်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။ ကြက်ငှက်တုပ်ကွေးရောဂါသည် ၂၀၀၃ ခုနှစ်က အာရှဒေသ၌ စတင် ဖြစ်ပွားခဲ့သည်။ ထိုရောဂါကို ဖြစ်ပွား စေသော H_5N_1 ဗိုင်းရပ်စ်ပိုးကြောင့် လူပေါင်း ၁၆၄ ဦး အသက်ဆုံးရှုံးခဲ့ရပြီးဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ဖိလစ်ပိုင်မြောက်ပိုင်း၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွား

မနီလာ ဇန်နဝါရီ ၃၀

ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်း လာဂူနာပြည်နယ် ဆန်အန်တိုနီယိုကျေးရွာ၌ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသဖြင့် လူသုံးဦး သေဆုံးပြီး ၁၅ဦး ဆေးရုံတင်လိုက်ရကြောင်း ပြည်တွင်း မီဒီယာသတင်းများက တနင်္ဂနွေနေ့တွင် ဖော်ပြသည်။

ကြေညာ

သေဆုံးသူ သုံးဦးမှာ လွန်ခဲ့သည့် ရက်သတ္တပတ်က အပြင်းအထန် ဖျားနာခဲ့ပြီး ရက်အနည်းငယ်အတွင်း သေဆုံးသွားကြောင်း ဂျီအမ်အေ ရုပ်မြင်သံကြားဌာနက ကြေညာသည်။ ရောဂါဖြစ်ပွားသူ ၁၅ဦးကိုလည်း မွန်တင်လူပါစီးတီးရှိ ဆေးရုံတစ်ရုံသို့ တင်ပို့ထားသည်။

ရောဂါဖြစ်ပွား

အဆိုပါဒေသ၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားကြောင်း လာဂူနာပြည်နယ် ကျန်းမာရေးဌာနမှူး ဒေါက်တာ အယ်လ်ဆာနီယိုလေဂို့စ်က အတည်ပြုပြောကြားသည်။ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုကို ကျန်းမာရေးတာဝန်ရှိသူများ ပါဝင်သည့် အဖွဲ့တစ်ဖွဲ့က စစ်ဆေးမည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်တွင် ကန်ရဟတ်ယာဉ်ပျက်ကျ နှစ်ဦးသေဆုံး

ဘဂ္ဂဒက် ဇန်နဝါရီ ၃၀

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့မြောက်ဘက်တွင် ဇန်နဝါရီ ၂၈ရက်က အမေရိကန်ရဟတ်ယာဉ်တစ်စင်းပျက်ကျခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

စက်သေနတ်သံများကြားရပြီးနောက် ရဟတ်ယာဉ်တစ်စင်း မီးခိုးများ အူထွက်ကာ ပျက်ကျသွားသည်ကို ရိုက်တာသတင်းထောက်က မြင်တွေ့လိုက်ရကြောင်း ပြောကြားသည်။

နာဂျက်ဖ်မြို့ရှိ သေနတ်သမားများနှင့် ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားစဉ်အတွင်း ရဟတ်ယာဉ်ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း အီရတ် ရဲတပ်ဖွဲ့ကပြောသည်။ ရဟတ်ယာဉ်ပျက်အတွင်းမှ တပ်ဖွဲ့ဝင်နှစ်ဦး၏အလောင်းများကို ပြန်လည် သယ်ယူခဲ့ပြီးဖြစ်ကြောင်း ကန်စစ်ဘက်၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အမ်အင်အေ၊ရိုက်တာ။



ကိုရီးယားနိုင်ငံ အယ်လ်ဂျီကုမ္ပဏီထုတ် ခရီးဆောင်ကွန်ပျူတာများအား ဈေးကွက်တင် ရောင်းချနေသည်ကို ဇန်နဝါရီ ၃၀ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဘူလ်ဂေးရီးယားတွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

ဆိုဖီယာ ဇန်နဝါရီ ၃၀

အနောက်ဥရောပဒေသတွင် ဖြန့်ချိရောင်းချရန် မှောင်ခိုသယ်ဆောင်လာသော ဘိန်းဖြူ ၃၉ ကီလိုကို ဘူလ်ဂေးရီးယားရဲတပ်ဖွဲ့က ဖမ်းဆီးရမိခဲ့ကြောင်း ဇန်နဝါရီ ၂၈ရက်က ထုတ်ဖော် ပြောကြားသည်။

ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများ၏ တန်ဖိုးမှာ ယူရိုငွေ ၇၈၀၀၀၀ သို့မဟုတ် အမေရိကန်ဒေါ်လာ တစ်သန်းဖိုးရှိကြောင်း သိရသည်။ ယင်းမူးယစ်ဆေးဝါးများကို အထုပ်ငယ်ပေါင်း ၇၇ ခုဖြင့် ခွဲ၍ထုပ်ကာ ကားတစ်စီးဖြင့် တင်ဆောင်လာသည်ကို နိုင်ငံ၏ အရှေ့တောင်ပိုင်းရှိ ဟတ်စ်ကိုဗိုမြို့တွင် ဖမ်းဆီးမိလိုက်ခြင်း ဖြစ်သည်။

မူးယစ်ဆေးဝါးနှိမ်နင်းရာ၌ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ လုပ်ဆောင်ခြင်းကြောင့် ယခုကဲ့သို့ ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။ အခြားဖမ်းဆီးမှုများကို ပြည်ပနိုင်ငံများတွင် ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ။

ကမ္ဘောဒီးယားတွင် တောင်ကိုရီးယား အများဆုံးရင်းနှီးမြှုပ်နှံ

ဖနောင်ပင် ဇန်နဝါရီ ၃၀

ကမ္ဘောဒီးယားနိုင်ငံတွင် ၂၀၀၆ ခုနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်သော နိုင်ငံအဖြစ် တောင်ကိုရီးယားနိုင်ငံက တရုတ်နိုင်ငံကို ကျော်တက်သွားပြီဖြစ်ကြောင်း၊ တောင်ကိုရီးယားနိုင်ငံက အမေရိကန် ဒေါ်လာ သန်း ၁၀၀၀၊ တရုတ်နိုင်ငံက အမေရိကန်ဒေါ်လာ ၇၁၇ သန်း ရင်းနှီးမြှုပ်နှံခဲ့ကြောင်း ကမ္ဘောဒီးယား နေ့စဉ်သတင်းစာက တနင်္လာနေ့တွင် ရေးသားဖော်ပြသည်။

ကမ္ဘောဒီးယားနိုင်ငံတွင် ၂၀၀၆ ခုနှစ်အတွင်း ရုရှားနိုင်ငံက အမေရိကန်ဒေါ်လာ ၂၇၈ သန်း၊ ထိုင်းနိုင်ငံက အမေရိကန်ဒေါ်လာ သန်း ၁၀၀ ခန့် ရင်းနှီးမြှုပ်နှံခဲ့ကြောင်း သတင်းစာတွင် ဖော်ပြသည်။

ကမ္ဘောဒီးယား ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့သည် လွန်ခဲ့သည့်နှစ်အတွင်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၄၂ ဘီလီယံဖိုးရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီမံကိန်းများအတွက် ခွင့်ပြုပေးခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံတွင် တောင်ကိုရီးယား၏ အဓိကလုပ်ငန်းစီမံကိန်းမှာ မြို့တော် ဖနောင်ပင်တွင် မြို့သစ် တည်ဆောက်ရေးလုပ်ငန်းဖြစ်သည်။ တရုတ်နိုင်ငံမှာမူ လုပ်ငန်းစီမံကိန်း ၂၈ ခုကို အကောင်အထည်ဖော်နေသည်။

အမ်အင်အေ၊ဆင်ဟွာ။

နယူးဇီလန်နိုင်ငံရှိ ရူပီဟူးမီးတောင်ဝကို ဇန်နဝါရီ ၂၉ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*



* ရှေ့ဖုံးမှ

ကြပ်မတ်စစ်ဆေးကြရန်နှင့် ယိုယွင်းပျက်စီးမှုရှိပါကလည်း အမြန်ဆုံးအစားထိုး ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်သွားကြရေးကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တံတားပေါ်မှနေ၍ ချောင်းတွင်း သဲသောင်ပြင်များ၌ စိုက်ပျိုးထားရှိသော ကြက်သွန်စိုက်ခင်းများ၏ အောင်မြင်ဖြစ်ထွန်းမှုအခြေအနေကို ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မုံရွာ–ဆားလင်းကြီး–ယင်းမာပင်–ပုလဲ ကားလမ်းတစ်လျှောက်ရှိ လမ်းဘေးဝဲ/ယာ၌ ဒေသခံတောင်သူများ၏ တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးထားရှိသည့် ကုလားပဲစိုက်ခင်းများနှင့် နေကြာစိုက်ခင်းများကို လည်းကောင်း၊ ဖိုလ်ဝင်တောင်နှင့် အင်ကြင်းတောင် သဘာဝဘေးမဲ့တောများ၏ အခြေအနေကိုလည်းကောင်း မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးကြပြီး မုံရွာခရိုင် ပုလဲမြို့နယ် နွယ်အင်းကျေးရွာအနီး၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)က တာဝန်ယူဆောင်ရွက်သည့် လှိုင်းချောင်းရေလှောင်တမံ တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)မှ ညွှန်ကြားရေးမှူး ဦးဗစ်တာက လှိုင်းချောင်းရေလှောင်တမံ စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် ဆောင်ရွက်ရန်ကျန်ရှိသော လက်တံတူးမြောင်း တည်ဆောက်ရေးဆိုင်ရာများနှင့် ယခုနှစ်တွင် တမံအတွင်း ရေဝင်ရောက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ရေလှောင်တမံပြီးစီးသော်လည်း ရေပေးမြောင်းများကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ကြရေး မှာကြားပြီး တာဝန်ရှိသူများနှင့် ညှိနှိုင်းစီမံဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သာအေးက လှိုင်းချောင်းရေလှောင်တမံ စီမံကိန်းနှင့် ပုလဲမြို့နယ်အတွင်း ဆက်လက်ဆောင်ရွက်လျက်ရှိသော မြောက်ယမား ရေကူရေလှောင်တမံစီမံကိန်းနှင့် လုပ်ငန်းခွင်ချင်း ဆက်သွယ်သည့် ပုလဲမြို့နယ်အတွင်းရှိ နွယ်အင်း၊ ချင်ပြစ်၊ ဖလဲပင်၊ မင်းတိုင်ပင် ကျေးရွာများအတွက် ကျေးရွာချင်းဆက်လမ်း ပေါ်ထွန်းလာမှုအခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပင်မတမံ တည်ဆောက်ထားရှိမှုနှင့် တမံအတွင်း ရေဝင်ရောက်မှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ လှိုင်းချောင်းရေလှောင်တမံသည် ပုံတောင်ပုံညာဒေသမှ စီးဆင်းလာသော လှိုင်းချောင်းကိုပိတ်၍ ပုလဲ၊ ယင်းမာပင်ဒေသနေတောင်သူများ စိုက်ပျိုးရေ လုံလောက်စွာပေးဝေနိုင်ရန် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ တမံအမြင့် ၇၃ ပေ၊ ပင်မတမံအလျား ပေ ၄၅၀၀ နှင့် ကုန်းကြောတမံ ပေ ၇၅၀ ရှိပြီး ကန်ရေပြည့်ဧကပေ ၅၃၇၀ ရေသိုလှောင်နိုင်သည်။ တမံမှာ လုံးဝပြီးစီးပြီဖြစ်ပြီး တမံနှင့် ဆက်စပ်လုပ်ငန်းများဖြစ်သည့် ပင်မရေပေးမြောင်း ခုနစ်မိုင်တွင် တစ်မိုင် ဖောက်လုပ်ပြီးစီးနေပြီး လက်တံမြောင်း ခုနစ်မြောင်း ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိလျက်ရှိသည်။ ရေဝင်ရောက်မှုအနေဖြင့် ယခုနှစ်တွင် ၃၅၁ ဧကပေ ရေဝင်ရောက်ခဲ့ပြီး လာမည့်စိုက်ပျိုးရာသီတွင် စိုက်ပျိုးမြေဧက ၁၀၀၀ အတွက် စိုက်ပျိုးရေ ပေးဝေသွားနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပုလဲမြို့နယ် အိုင်းမကျေးရွာ အရှေ့တောင်ဘက် နှစ်မိုင်အကွာ၌ တည်ဆောက်နေသည့် မြောက်ယမားရေကူရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိကြပြီး စက်ယန္တရားကြီးများဖြင့် လုပ်ငန်းခွင်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အဆိုပါ ရေကူရေလှောင်တမံမှ ရေအားလျှပ်စစ်ကီလိုဝပ် ၅၀၀ ထုတ်လုပ်ရန် ၁၉ လက်မရှိ သံမဏိပိုက်လိုင်းများ တပ်ဆင်တည်ဆောက်နေမှုနှင့် ရေထိန်းမျှော်စင်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)မှ ညွှန်ကြားရေးမှူး ဦးဗစ်တာက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဆည်မြောင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်က ဖြည့်စွက်ရှင်းလင်းတင်ပြ၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဒေသ၌လိုအပ်နေသော စိုက်ပျိုးရေနှင့် လျှပ်စစ်ဓာတ်အားတို့ကို ထုတ်လုပ်ပေးနိုင်မည့် စီမံကိန်းဖြစ်၍ သတ်မှတ်ကာလအတွင်း လုပ်ငန်းများ ပြီးပြတ်အောင် ဆောင်ရွက်သွားကြရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ ရေသယံဇာတ၊ မြေသယံဇာတကို အကျိုးရှိရှိ ဖော်ထုတ်အသုံးပြုနိုင်ရန် တာဝန်ရှိသူများက ပေါင်းစပ်ဆောင်ရွက်သွားကြရေး မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁၂ နာရီခွဲတွင် ပုလဲမြို့သို့ရောက်ရှိကြပြီး အမှတ်(၁) စက်မှုဝန်ကြီးဌာန၏ ဝင်းသူဇာအရောင်းဆိုင်၌ လူသုံးကုန်ပစ္စည်းများ ဖြန့်ချိရောင်းချနေမှုကို ကြည့်ရှုစစ်ဆေးပြီး ဝယ်ယူအားပေးကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပုလဲမြို့ အမျိုးသမီးအိမ်တွင်းမှုလုပ်ငန်းပညာ သင်တန်းကျောင်းသို့ ရောက်ရှိကြပြီး မုံရွာ၊ ကလေး၊ ပုလဲမြို့နယ်များနှင့် ကဘော်ဒေသတို့မှ တိုင်းရင်းသူ ၅၀တို့၏ အိမ်တွင်းမှုလုပ်ငန်း စက်ချုပ်ပညာ သင်ယူနေမှုကို ကြည့်ရှု အားပေးစကားပြောကြား၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ထောက်ပံ့ငွေများကို ပေးအပ်ရာ ကျောင်းအုပ် ဒေါ်ကြည်ကြည်မွန်က လက်ခံသည်။

ယင်းနောက် သင်တန်းသူများ၏ ဇာထိုး၊ ပန်းထိုးလက်ရာ အဝတ်အထည်များကို ကြည့်ရှုအားပေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ယင်းမာပင်မြို့နယ် ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန၏ ရေလှို့တွင်းနှင့် ဇ၉ကန်စီမံကိန်း အခြေစိုက်စခန်းသို့ရောက်ရှိကြပြီး ရေလှို့တွင်းမှ ရေထွက်ရှိမှု အခြေအနေကို ကြည့်ရှုကြသည်။

ယင်းနောက် ရှင်းလင်းဆောင်၌ စစ်ကိုင်းတိုင်း ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးလှမင်းက ရေလှို့တွင်းများ၏ ရေထွက်နှုန်း၊ စိုက်ပျိုးရေပေးဝေနိုင်မှုနှင့် ရေထွက်နည်းသွားသော ရေလှို့တွင်းများကို အစားထိုးနိုင်ရန် ရေလှောင်ကန်ရှစ်ကန်နှင့် ရေလှို့တွင်း၂၆တွင်း ထပ်မံတူးဖော်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ရေလှို့တွင်းမှ ထွက်ရှိသော ရေများကို စိုက်ပျိုးရေတိုးချဲ့ပေးဝေနိုင်ရန် ဆောင်ရွက်သွားရေး မှာကြား၍ စီမံကိန်းဝင်းအတွင်း ကုလားပဲနှင့်ဂျုံများ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရေလှို့တွင်းအမှတ် R-1 နှင့် ရေလှောင်ကန်တို့သို့ သွားရောက်၍ ရေလှို့တွင်းလေးတွင်းမှ ရေသိုလှောင်ထားရှိမှုနှင့် စိုက်ပျိုးရေဖြန့်ဝေမှု၊ ကုလားပဲ၊ နေကြာနှင့် စပါး စိုက်ခင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းမာပင်မြို့နယ်ရှိ အဆိုပါရေလှောင်ကန်နှင့် ရေလှို့တွင်း ၉၉ တွင်းတို့မှ ၂၀၀၆–၂၀၀၇ ခုနှစ်တွင် မိုးစပါး ၅၁၄၅ ဧကနှင့် နွေစပါး ဧက ၆၅၀ တို့ကို စိုက်ပျိုးရေပေးဝေနိုင်ခဲ့ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ယင်းမာပင်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းသို့ ရောက်ရှိကြပြီး အမျိုးသမီးသင်တန်းသူများ၏ စက်ချုပ်ပညာ သင်ယူလေ့ကျင့်နေမှုကို ကြည့်ရှုအားပေး၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ထောက်ပံ့ငွေများကို သင်တန်းကျောင်း ကျောင်းအုပ် ဒေါ်မြမြအေးထံ ပေးအပ်ကာ သင်တန်းသူများ ရက်လုပ်ထားသော ဇာထိုး၊ ပန်းထိုးလက်ရာ နမူနာများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အဆိုပါ သင်တန်းကျောင်းခန်းမ၌ ပုလဲ၊ ယင်းမာပင်နှင့် ဆားလင်းကြီးမြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို မှာကြားသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများက မြို့နယ်၏ လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ကျော်က ဖြည့်စွက်ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်သာအေးက မြို့နယ်တစ်ခုချင်းစီအလိုက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်ဆည်းစီမံ ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာ၌ နိုင်ငံတော်အစိုးရသည် ချင်းတွင်းမြစ်အနောက်ဘက်ကမ်းနှင့် ဧရာဝတီမြစ်အနောက်ဘက်ကမ်းရှိ ဒေသများဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ရာ ပခုက္ကူမှ မုံရွာအထိ ကတ္တရာလမ်း၊ မုံရွာ–ယာကြီး–ကလေးဝ ကတ္တရာလမ်းတို့အပြင် ကလေး–ဂန့်ဂေါ–ကျော–ရေမျက်နီ–ပခုက္ကူ ရထားလမ်းကိုလည်း ပုံညာတောင်ဥမင်ကိုဖြတ်၍ တစ်ဆက်တစ်စပ်တည်း သွားလာနိုင်ရန် ဖောက်လုပ်ပေးခဲ့ပြီးဖြစ်ကြောင်း။

သို့ဖြစ်ရာ ချင်းတွင်းမြစ်အနောက်ဘက်ခြမ်း ပုလဲ၊ ယင်းမာပင်နှင့် ဆားလင်းကြီးဒေသနေ ပြည်သူများနှင့် ပုံတောင်ပုံညာဒေသနေ ပြည်သူများ၏ လူမှုရေး၊ စီးပွားရေးတို့သည် တစ်နေ့တခြား တိုးတက်လာလျက်ရှိကြောင်း၊ ရရှိသော ဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေကောင်းများ ပို၍ပို၍တိုးတက်မြင့်မားလာစေရန် ဖောက်လုပ်ပြီးသွားသော လမ်းများ၊ ဆည်မြောင်းတာတမံများ၊ တံတားကြီးများ ရေရှည်ခိုင်မြဲရေးအတွက် ဒေသခံပြည်သူများက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရမည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးကဏ္ဍတွင် စပါး၊ ပဲ၊ ဂျုံ၊ နေကြာနှင့် စက်မှုကုန်ကြမ်းသီးနှံ ဝါကို နိုင်ငံတော်က မျှော်မှန်းထားသော ရည်မှန်းချက်ပန်းတိုင်နှင့်အညီ တိုးချဲ့စိုက်ပျိုးသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့သည် ယင်းမာပင်မြို့နယ် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝင်းသူဇာအရောင်းဆိုင်သို့ရောက်ရှိ ကြည့်ရှုစစ်ဆေးပြီး ညောင်ပင်ကြီးဆိပ်သို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ချင်းတွင်းမြစ်ကိုဖြတ်ကူး၍ မုံရွာမြို့သို့ရောက်ရှိကြပြီး ကမ်းနားလမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေး၍ ညနေပိုင်းတွင် မုံရွာမြို့သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

ရွှေဘုန်းပွင့်စေတီတော် (၁၀)ကြိမ်မြောက် စတုဒိသာနှမ်းမနဲ လှူဒါန်းပွဲကျင်းပ

ရန်ကုန်　ဇန်နဝါရီ　၃၁

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ (၁၀)ကြိမ်မြောက် စတုဒိသာ နှမ်းမနဲလှူဒါန်းပွဲကို ယနေ့ ညနေ ၃ နာရီမှစတင်ကာ စေတီတော် ဓမ္မာရုံသစ်ကြီး၌ကျင်းပရာ နှမ်းမနဲအလှူရှင်များ၏ အလှူငွေဖြင့် သုံးရက်ကြိုတင်စီစဉ်ထားသော နှမ်းမနဲလေးပြည်ဝင် ဒယ်ပေါင်း ၁၅၀ ကို အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသည့် ဘုရားဖူး ပြည်သူများအား ည ၇ နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျွေးမွေးလှူဒါန်းကြောင်းသိရှိရသည်။

(သတင်းစဉ်)

အင်တာနက် နည်းပညာ သတင်း

စီအက်ဖ်အယ်လ်မီးလုံး သုံးစွဲခြင်းဖြင့် လျှပ်စစ်ဓာတ်အား ချွေတာနိုင်မည်

လန်ဒန်　ဇန်နဝါရီ　၃၁

ယနေ့ကမ္ဘာတွင် စွမ်းအင်ချွေတာရေး၊ လျှပ်စစ်ဓာတ်အားလျှော့ချ သုံးစွဲရေး စသည်တို့ကို အလေးထား ဆောင်ရွက်နေကြသည်။ ယင်းသို့ဆောင်ရွက်ရာ၌ လူများအနေဖြင့် သမားရိုးကျ မီးလုံးများ၊ မီးချောင်းများကိုမသုံးဘဲ ကွန်ပက်ဖလောရီဆင့် မီးလုံးခေါ်(စီအက်ဖ်အယ်လ်) မီးလုံးများကို သုံးစွဲခြင်းဖြင့် လျှပ်စစ်ဓာတ်အားအသုံးကိုချွေတာနိုင်ပြီး အသုံးစရိတ်ကိုလည်း ဆယ်ပုံတစ်ပုံအထိ လျှော့ချနိုင်ကြောင်း အိုင်အေအီးအေ၏ လေ့လာချက် အစီရင်ခံစာတွင် ဖော်ပြထားသည်။

သမားရိုးကျ မီးလုံးများသည် လွန်ခဲ့သောနှစ်ပေါင်း ၁၂၅ နှစ်အချိန်ကတည်းက တီထွင်ခဲ့သော မီးလုံးဖြစ်ပြီး ယင်းမီးလုံးအတွင်း ကျွေးလိုက်ရသော လျှပ်စစ်ဓာတ်အားပမာဏ၏ ၅ ရာခိုင်နှုန်းကိုသာ အလင်းရောင်အဖြစ် ပြောင်းလဲပေးစွမ်းနိုင်သော ပစ္စည်းမျိုးဖြစ်သည်။

ပို၍သက်သာ

စီအက်ဖ်အယ်လ် မီးလုံးများမှာ ၁၉၈၀ပြည့်နှစ်များအချိန်ကစ၍ ဈေးကွက်သို့ စ၍ ဝင်ရောက်လာသော မီးလုံးမျိုးဖြစ်သည်။ ယင်းမီးလုံးသည် သမားရိုးကျ မီးလုံးထက် လျှပ်စစ်ဓာတ်အားသုံးစွဲရမှု ပမာဏတွင် ၇၀ ရာခိုင်နှုန်းအထိ ပို၍ သက်သာသည်။ ဝပ်အား ၂၀ ရှိသော စီအက်ဖ်အယ်လ် မီးလုံးတစ်လုံးမှပေးနိုင်သော အလင်းပမာဏသည် ၇၅ ဝပ်အားရှိ သမားရိုးကျ မီးလုံးတစ်လုံးက ပေးနိုင်သော အလင်းအားနှင့် ညီမျှကြောင်း လေ့လာချက် အစီရင်ခံစာတွင် ဖော်ပြထားသည်။

ကမ္ဘာ့လျှပ်စစ်ဓာတ်အား သုံးစွဲမှု ကို တွက်စစ်လျှင် စုစုပေါင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု၏ ၁၅ ရာခိုင်နှုန်းမှာ အလင်းရောင်အလို့ငှာ မီးထွန်းသည့် ကိစ္စများအတွက် သုံးစွဲကြောင်း တွေ့ရသည်။ တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့်ဆိုပါက စီအက်ဖ်အယ်လ်မီးလုံးများသာ ပြောင်း၍ သုံးစွဲလာလျှင် လျှပ်စစ်ဓာတ်အားပမာဏ များစွာ ချွေတာနိုင်မည်ဖြစ်၍ အိုင်အေအီးအေက ယင်းခေတ်မီ မီးလုံးများကို တိုးချဲ့သုံးစွဲသင့်ကြောင်း အကြံပြုထားသည်။

အကျိုးရှိမည်

အကြံပြုသည့်အတိုင်းသာ လိုက်နာနိုင်ပါက လျှပ်စစ်ဓာတ်အား အသုံးလျော့ကျလာမည်ဖြစ်၍ လောင်စာသုံးစွဲမှုလည်း သက်သာလာကာ ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုကိုလည်း နည်းပါးသွားစေမည်ဟု ဆိုသည်။ သို့ဖြစ်၍ ယင်းအကြံပြုချက်သည် သဘာဝဝန်းကျင် ထိခိုက်မှုကိုလည်း ကာကွယ်ပေးရာကျသဖြင့် အကျိုးရှိမည်ဖြစ်ကြောင်း တင်ပြထားသည်။

ထိုမျှမကသေး စီအက်ဖ်အယ်လ် မီးလုံးများသည် သမားရိုးကျ မီးလုံးများထက်လည်း ပို၍ သက်တမ်းရှည်ကြာစွာ အသုံးခံသည်ဖြစ်ရာ သုံးစွဲသူအတွက် အကျိုးများစေနိုင်သည်ဟု ဆိုသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံ အချို့တွင် လျှပ်စစ်ဓာတ်အား ချွေတာရေး၊ လောင်စာဆီ ချွေတာရေးအတွက် စီအက်ဖ်အယ်လ်မီးလုံး သုံးစွဲရေးကို ဥပဒေပြဋ္ဌာန်းရန် စီစဉ်နေပြီဖြစ်ကြောင်း သိရသည်။ **အင်တာနက်။**



လျှပ်စစ်ဓာတ်အား အသုံးသက်သာစေနိုင်သည်ဆိုသော စီအက်ဖ်အယ်လ်မီးလုံးတစ်လုံးကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဟုတ်ပါ့မလားမောင်ကာဠုရဲ့ . . . ဒါ့ထက်တောင်ပိုသေး

မောင်ကာဠု

(အဘိုး) ဟဲ့ . . . မောင်ကာဠု မင်းမပေါ်လာတာကြာပြီ၊ ဘယ်ပျောက်နေသလဲ၊ ဒို့တိုင်းပြည် ငြိမ်းငြိမ်းချမ်းချမ်း၊ ဖွံ့ဖွံ့ဖြိုးဖြိုးနဲ့ အားလုံး စိတ်ချမ်းသာနေရတဲ့ အချိန်မျိုးမှာ၊ အိမ်နီးချင်းနိုင်ငံတွေ၊ ဒေသတွင်းနိုင်ငံတွေနဲ့ ချစ်ချစ်ခင်ခင် ဆက်ဆံပြီး အာဆီယံလုပ်ငန်းစဉ်တွေ တက်ကြွအောင်မြင်စွာ ဆောင်ရွက်နေချိန်မှာမှ... ဒို့နိုင်ငံဟာ ဒေသတွင်းနဲ့ နိုင်ငံတကာ လုံခြုံရေးကို ထိခိုက်ပျက်ပြားစေနိုင်တယ်ဆိုပြီး ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှာ တင်ပြအရေးယူဖို့ အမေရိကန်နဲ့ ဗြိတိန်တို့ ပူးပေါင်းပြီးလုပ်ဆောင်တဲ့ကိစ္စ ဒို့တစ်နိုင်ငံလုံး မခံမရပ်နိုင်ဖြစ်နေကြချိန်မှာ မင်းက ဘယ်ချောင်မှာ သွားအိပ်နေတာလဲ။

(မောင်ကာဠု) အဘိုးဆီကိုသာ ကျွန်တော်မရောက်ဖြစ်တာပါ၊ နေ့စဉ်၊ ညစဉ်သတင်းတွေ၊ သတင်းစာတွေ၊ ဆောင်းပါးတွေမှာ NGO အဖွဲ့အစည်းတွေ၊ တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့တွေက မခံမရပ်နိုင်ဖြစ်ပြီး အမေရိကန်နဲ့ ဗြိတိန်လုပ်ရပ်ကို ရှုတ်ချကြေညာနေတာတွေကို ထိုင်ကြည့်၊ ထိုင်ဖတ်နေတာ အဘိုးရဲ့၊ **အမေရိကန်ဟာ မြန်မာ့ပြည်တွင်းရေးတစ်လျှောက်လုံး ဝင်စွက်တဲ့နိုင်ငံ၊ တရုတ်ဖြူတပ်ပြေးတွေ မြန်မာနိုင်ငံကို ကျူးကျော်ခဲ့တာ အမေရိကန်လက်ချက်ဆိုတာ ကျွန်တော်တို့ မမေ့ကြသေးပါဘူး။**

(အဘိုး) အဲဒီတရုတ်ဖြူတပ်ပြေးတွေဆိုတာ ဟိုတုန်းကတရုတ်ပြည်မှာ အမေရိကန်၊ ဗြိတိန်တို့ကို နောက်ခံပြုနေခဲ့ရတဲ့ ချန်ကေရှိတ်ရဲ့ တရုတ်အမျိုးသားအစိုးရ၊ ကူမင်တန် KMT လို့ ခေါ်ကြတယ်၊ မော်စီတုန်းဦးဆောင်တဲ့ တရုတ်တော်လှန်ရေး သမားတွေက ချန်ကေရှိတ်ကို တိုက်ထုတ်လိုက်တော့ ချန်ကေရှိတ်နဲ့ နောက်လိုက်တွေဟာ ဖော်မိုဆာကျွန်းကို ထွက်ပြေးရတယ်၊ အဲဒီမှာ အမေရိကန် CIA ထောက်လှမ်းရေးအဖွဲ့က တရုတ်ဖြူတပ်တချို့ကို ရှမ်းပြည်နယ် အရှေ့ပိုင်းကို ကျူးကျော်ဝင်ရောက် တပ်စွဲစေခဲ့တယ်။

(မောင်ကာဠု) ဟုတ်တယ်ခင်ဗျာ့ ကျိုင်းတုံ၊ တာချီလိတ်၊ မိုင်းတုံ၊ မိုင်းဆတ်၊ မိုင်းပါလျှို ဒေသတွေမှာတပ်စွဲပြီး တရုတ်ပြည်မကြီးကို ဝင်တိုက်ဖို့၊ တရုတ်ပြည်မကြီးရဲ့ သတင်းထောက်လှမ်းဖို့၊ တရုတ်ပြည်တွင်းရေးကိုဝင်စွက်ဖို့ CIAက ယူနန်ပြည်နယ်နဲ့ နီးနီးကပ်ကပ် ရှမ်းပြည်နယ်ထဲ အခြေချခိုင်းခဲ့ပြီး ရိက္ခာ၊ လက်နက်၊ ငွေကြေး၊ ကုန်တင်ကားနဲ့ စစ်ကားမကျန်လိုသမျှ ထောက်ပံ့ခဲ့တယ်။

(အဘိုး) အဲဒီ တရုတ်ဖြူတွေဟာ တရုတ်ပြည်မကြီးကို ဝင်တိုက်နှောင့်ယှက်ရုံ၊ ဖြစ်နိုင်ရင် တရုတ်ပြည်မကြီးကို ပြန်သိမ်းရုံမကဘူး၊ ဒို့နိုင်ငံကိုလဲ အခွင့်သာရင် ကျူးကျော်တိုက်ခိုက်သိမ်းပိုက်ပြီး တရုတ်ဖြူအခြေခံစခန်း အဲ . . . တရုတ်ဖြူနိုင်ငံလုပ်ဖို့အထိ သံလွင်မြစ် အနောက်ဘက်ကမ်းကိုတောင် ကျော်ပြီး ထိပါးလာတယ်။ ဒီတော့ တပ်မတော်က တိုက်ရပြီပေါ့ကွာ၊ ပြည်သူတွေကလဲ မြို့တိုင်း၊ နယ်တိုင်းမှာ အမေရိကန်နယ်ချဲ့နဲ့ နောက်လိုက် တရုတ်ဖြူတို့ရဲ့ ကျူးကျော်မှုကို ဆန့်ကျင်ရှုတ်ချ၊ ကန့်ကွက်တဲ့ လူထုအစည်းအဝေးတွေ ကျင်းပခဲ့ကြတယ်၊ ပြည်သူ့လွှတ်တော်က စည်းဝေးဆုံးဖြတ်ပြီး ကုလသမဂ္ဂကို တင်ပြတိုင်တန်းခဲ့ရတယ်၊ တပ်မတော်က တရုတ်ဖြူကိုတိုက်နေတာ ဆက်မတိုက်ဖို့ အမေရိကန် စစ်မစ်ရှင်အဖွဲ့က ရန်ကုန်လာပြီး တားသေးတယ်၊ မြန်မာနိုင်ငံက သူတို့မေတ္တာရပ်ခံချက်ဆိုတဲ့ စွက်ဖက်ဟန့်တားချက်ကို လက်မခံဘဲ အဲဒီစစ်မစ်ရှင်ကို မောင်းထုတ်ခဲ့တယ်။

(မောင်ကာဠု) အဲဒီတုန်းက ရထားတွေကိုမိုင်းခွဲ၊ ကျောင်းပိတ်လို့ ရထားနဲ့ နေရပ်ပြန်တဲ့ တက္ကသိုလ်ကျောင်းသူလေးတွေကို သောင်းကျန်းသူတွေကဖမ်းခေါ်သွားပြီး တရုတ်ဖြူတွေဆီမှာ လက်နက်နဲ့ သွားလဲခဲ့တယ်လေ၊ အဲဒီလိုလုပ်တာ KNDO တွေပေါ့၊ တက္ကသိုလ်ကျောင်းသူလေးတွေကို တရုတ်ဖြူတွေက အဓမ္မပြုကျင့်ပြီး သိမ်းပိုက်ခဲ့ကြတယ်။

(အဘိုး) **တရုတ်ဖြူတွေကို အမေရိကန်က ငွေကြေးထောက်ပံ့မှု လျှော့ချဖို့ဘာလုပ်ခဲ့သလဲ မင်းသိလား၊ မြန်မာ၊ လာအို၊ ထိုင်း သုံးနိုင်ငံနယ်စပ် ရွှေတြိဂံဒေသမှာ ဘိန်းတွေ တွင်တွင်စိုက်ခိုင်း၊ ဘိန်းဖြူချက်တတ်အောင်သင်ပေး၊ လိုအပ်တဲ့ဆက်စပ်ပစ္စည်းတွေ ထောက်ပံ့ခဲ့တယ်။ ရွှေတြိဂံမှာ ဘိန်းသံသရာ လည်လာတာဟာ မူလက ဗြိတိသျှနယ်ချဲ့တို့ ဘိန်းစိုက်၊ ဘိန်းကုန်ကူး၊ စီးပွားရှာ၊ လူမျိုးအညွန့်တုံးအောင် စတင်ဖန်တီးခဲ့တဲ့ ဓာတ်ကွက်ထဲကို အမေရိကန်က တရုတ်ဖြူတွေ အသုံးချပြီး ရိုးရိုးဘိန်းကို ဘိန်းဖြူဖြစ်အောင် ဓာတ်သွင်းပေးခဲ့တယ်၊ ဘိန်းဖြူတစ်ရွေးသားရဲ့ မူးယစ်စေတဲ့ အာနိသင်ဟာ ဘိန်းစိမ်းရွေးစေ့တစ်ရာနဲ့အတူတူပဲ၊ CIAနဲ့ တရုတ်ဖြူတို့ရဲ့ မာဖီးယားလုပ်ရပ်တွေကြောင့် ရွှေတြိဂံမှာ ဘိန်းသံသရာလည်နေခဲ့ရတာ ... အခုတော့ ဘိန်းတရုတ်ဖြူတွေ၊ ဘိန်းသောင်းကျန်းသူ ရွက်ဆစ်တို့လို SSA-S တွေကို ဒို့နိုင်ငံက တိုက်ထုတ်ပြီး ဘိန်းသံသရာပြတ်အောင် လုပ်နေရတာပေါ့၊ ခုဆိုရင် ရှမ်းပြည်နယ် အရှေ့ပိုင်းနဲ့ အရှေ့မြောက်ပိုင်းက မိုင်းလားဒေသ၊ ‘ဝ’ဒေသ၊ ကိုးကန့်ဒေသတို့ဟာ ဘိန်းကင်းစင်တဲ့ ဒေသတွေဖြစ်လာပြီ။**

(မောင်ကာဠု) ဘိန်းဓာတ်သိမ်းအောင် ကြိုးပမ်းနေတုန်း စိတ်ကြွရူးသွပ်ဆေးပြား ဓာတ်လမ်းသစ်တွေကို ရွှေတြိဂံသုံးနိုင်ငံနယ်စပ်တွေမှာ ထပ်မံဖန်တီးခဲ့တာလဲ CIAပါပဲ၊ အဲဒီ စိတ်ကြွရူးသွပ်ဆေး ဖော်စပ်ရာမှာ သုံးရတဲ့ အက်ဖီဒရင်းတို့၊ ကဖင်းတို့လို ဓာတုဆေးဝါးတွေဟာ မြန်မာနိုင်ငံမှာ မထွက်ဘူး၊ ပြည်ပကလဲ တရားဝင်မတင်သွင်းဘူးမဟုတ်လား အဘိုး။

(အဘိုး) မှန်တယ်၊ ဘိန်းစားဓာတ်၊ ဘိန်းဖြူဓာတ်၊ စိတ်ကြွဆေးပြားသုံးစွဲတဲ့ဓာတ်က သူတို့ပစ်မှတ်နိုင်ငံတွေက လူငယ် လူရွယ်တွေ ပျက်စီးအောင် နယ်ချဲ့လက်ဟောင်း၊ လက်သစ်တွေ တမင် ဖန်တီးခဲ့တာပဲ၊ ဒါမှ မျိုးချစ်စိတ်ဓာတ်၊ ဓာတ်သွေး၊ ဓာတ်မာန်နဲ့ ကြံ့ခိုင်သန်စွမ်း ဖျတ်လတ်တက်ကြွပြီး ကိုယ့်နိုင်ငံကိုယ် ကာကွယ်မယ့် မျိုးဆက်တွေမရှိတော့မှာပေါ့၊ ဒါ့ကြောင့် တရုတ်နဲ့ ဗြိတိန်တို့ ဘိန်းစစ်ပွဲဖြစ်ပွားခဲ့ရတယ်၊ မြန်မာနိုင်ငံအပါအဝင် ဒေသတွင်းနိုင်ငံတွေက ကုလသမဂ္ဂတို့လို နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပေါင်းပြီး မူးယစ်ဆေးဝါးပပျောက်ရေး လုပ်နေကြရတာပေါ့။

(မောင်ကာဠု) စကားပြတ်သွားလို့၊ တရုတ်ဖြူကိစ္စ ဆက်ပါဦး အဘိုး။

(အဘိုး) ကုလသမဂ္ဂမှာ တရုတ်ဖြူကျူးကျော်မှုကိစ္စကို မြန်မာအစိုးရက တင်ပြတိုင်တန်းခဲ့တယ်လေ၊ နောက်ဆုံးတော့ တရုတ်ဖြူတပ်တွေ မြန်မာ့မြေပေါ်က ထွက်ပေးဖို့ ဆုံးဖြတ်ပေးခဲ့ရတယ်။ အဲဒီမှာလဲ ကလိမ်ကကျစ်တွေပါလာတယ်၊ မြန်မာကိုယ်စားလှယ်တွေ၊ မြန်မာစာနယ်ဇင်းတွေကို အဝင်မခံဘဲ တစ်ဖက်နိုင်ငံလေဆိပ်တစ်ခုက တရုတ်ဖြူ ယူနီဖောင်းဝတ်တွေ လေယာဉ်ပေါ်တင်ပြီး တရုတ်(တိုင်ပေ)ကို သယ်ထုတ်သွားတယ်၊ အဲဒီလို လေယာဉ်နဲ့ အသုတ်လိုက် ထွက်သွားတာမှာ တရုတ်ဖြူက နည်းနည်းလေးပဲ ပါတယ်၊ဒို့နိုင်ငံထဲကတိုင်းရင်းသားတွေကို လှည့်ဖြား၊ လှည့်စားပြီး တရုတ်ဖြူယူနီဖောင်းဝတ်ခိုင်းပြီး ထုတ်သွားခဲ့တယ်။ ဒီနေ့အထိ အဲဒီ ဒို့တိုင်းရင်းသားတွေ အဲဒီမှာ ရှိနေလေရဲ့။

(မောင်ကာဠု) တရုတ်ဖြူကိစ္စကတော့ အမေရိကန်ရဲ့ ဓာတ်ညွှန်းအတိုင်းပါပဲ၊ အဘိုးပြောသလို မြန်မာနိုင်ငံကလူတွေကို တရုတ်ဖြူယူနီဖောင်း ဝတ်ခိုင်းပြီး လှည့်ထုတ်သွားတယ်ဆိုတော့ တကယ့်တရုတ်ဖြူတွေ တော်တော်များများ ကျန်ခဲ့မှာပေါ့နော်။

(အဘိုး) သူတို့ အနောက်စာနယ်ဇင်းသမားတွေရေးတဲ့ သတင်းတွေ၊ ဆောင်းပါးတွေ၊ စာအုပ်တွေမှာ အပ်ကြောင်းထပ်အောင် ပါနေတာပဲကွာ၊ တရုတ်ဖြူတွေက ဘိန်းလုပ်ငန်း၊ သောင်းကျန်းမှုလုပ်ငန်း ဆက်လုပ်နေရစ်ခဲ့တာပေါ့။ တပ်မတော်က အဆက်မပြတ်တိုက်ထုတ်ခဲ့ရတာပဲ၊တစ်ဖက်နိုင်ငံရဲ့ တောင်ကုန်းပေါ်မှာ တရုတ်ဖြူရွာ ၂၀ လောက်ရှိပြီး မူးယစ်ဆေးဝါးလုပ်ငန်းတွေ ဆက်လုပ်နေတုန်းပဲကွဲ့။

(မောင်ကာဠု) နောက်ပိုင်းမှာလဲ မြန်မာ့ပြည်တွင်းရေးကို အမေရိကန်နဲ့ ဗြိတိန်တို့ ဆက်လက်ဝင်ရှုပ်နေခဲ့တာ ကြာပါပြီ အဘိုးရယ်၊ သောင်းကျန်းသူတွေ၊ ပြည်ပြေးတွေ၊ ဆူပူရေးသမားတွေ၊ အကြမ်းဖက်ဖောက်ခွဲတိုက်ခိုက်သူတွေ၊ ပြည်ထောင်စု ပြိုကွဲအောင် လုပ်သူတွေကို ဆက်တိုက် ကူညီပံ့ပိုးပြီး သူတို့ရဲ့ နယ်ချဲ့လုပ်ရပ်တွေမှာ အသုံးချခဲ့တာတွေ ဋီကာချဲ့လို့ မဆုံးနိုင်တော့ပါဘူး အဘိုးရယ်။

(အဘိုး) ဒါကြောင့် **ဒို့နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများစွာကို အကြောင်းပြချက် အလိမ်အညာတွေကြံဖန်ပြပြီး စွက်ဖက်ခြေရှုပ်နေတဲ့ အမေရိကန်၊ ဒို့နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများစွာကို ကျူးကျော်ကျွန်ပြုပြီး နှစ်တစ်ရာမက သွေးစုပ်ခြယ်လှယ်ပြီးမှ ဆူဆူဖြိုးဖြိုးဖြစ်လာရတဲ့ ဗြိတိန်တို့က ဒို့နိုင်ငံကို ဒီမိုကရေစီရေးအကြောင်းပြ၊ လုံခြုံရေးအကြောင်းပြ၊ လူ့အခွင့်အရေးအကြောင်းပြပြီး ဟိုစွပ်စွဲ၊ ဒီစွပ်စွဲ လုပ်နေတာဟာ “ဘွဲ့ခွေ့ ကြက်သူခိုး” လုပ်ရပ်ပဲကွဲ့။**

(မောင်ကာဠု) ဘွဲ့ခွေ့ ကြက်သူခိုး လုပ်ရပ်ဆိုတာက ဘယ်လိုဟာမျိုးလဲ အဘိုးရဲ့။

(အဘိုး) မောင်ကာဠုကလဲ အ,ရန်ကောကွာ။ ရပ်ထဲရွာထဲမှာ မနက်အရုဏ် မတက်မီ ဆွမ်းထချက်ကြဖို့ ကြေးစည်တစ်လုံးနဲ့ နှိုးဆော်တဲ့ နိဗ္ဗာန်ဆော်အဖွဲ့တွေ ရှိကြတယ်၊ အမှန်တကယ်လည်း ဗုဒ္ဓဘာသာနွယ်ဝင် သူတော်စင်တို့ဟာ အရုဏ်ဆွမ်းလောင်းလှူနိုင်ဖို့၊ အချိန်မီ ဆွမ်းထချက်ကြဖို့ စေတနာကောင်းနဲ့ နှိုးဆော် ကြတာပဲကွဲ့၊ အဲဒီအဖွဲ့တွေက ရွတ်ဖတ်စရာရှိတဲ့ ဂါထာတွေ၊ ဘုရားစာတွေရွတ်ပြီး နောက်ဆုံး သံပြိုင်ဆိုကြပုံကတော့ “ဘွဲ့ခွေ့ သပ္ပုရိသ အပေါင်း... သူတော်ကောင်းတို့ ဆွမ်းချက်ရန် ထတော်မူကြပါ”ဆိုပြီး ဆိုကြတယ်၊ ကြေးစည်တီးကြတယ်။ အဲဒီလုပ်ရပ်ကို တလွဲအသုံးချတဲ့ အကျင့်ပျက်တချို့က အရုဏ်မတက်ခင် သူများအိမ်ကကြက်တွေ လှည့်ခိုးပြီး ချက်စားကြဖို့လုပ်ရာမှာ အိမ်ရှင်(ကြက်ရှင်)တွေက မရိပ်မိအောင် နိဗ္ဗာန်ဆော်ဟန်ဆောင်ပြီး ဘွဲ့ခွေ့ခံပြီးရွတ်ကြတယ်။ အဲဒီအချိန်မှာ သူတို့နောက်ကို ကြက်တွေပါသွားပြီပေါ့ကွာ၊ အခုလဲ နိုင်ငံတကာကို ကျူးကျော်တိုက်ခိုက်ပြီး ပြည်သူတွေကို ဗုံးကြဲသတ်၊ အိုးအိမ်တွေမီးလောင်ပြာကျစေပြီး အဲဒီနိုင်ငံကို သိမ်းပိုက်ခြယ်လှယ်၊ သယံဇာတတွေ၊ ထွက်ကုန်တွေ အကုန် သယ်ထုတ်၊ အဲဒီနိုင်ငံသားတွေကို ကျွန်သပေါက်ဘဝပို့၊ အဲဒီ ကျူးကျော်ခံနိုင်ငံသားတွေရဲ့ လွတ်လပ်ခွင့်ဆိုတဲ့ အချုပ်အခြာအာဏာပိုင်စိုးမှုကို ဖျက်ဆီး၊ ဒီမိုကရေစီနည်းကျ အခြေခံလူ့အခွင့်အရေးဖြစ်တဲ့ ပြည်သူတွေရဲ့ ဘဝတိုးတက်အောင် လုပ်ဆောင်ခွင့်ဆိုတဲ့ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ကို ဖယ်ရှားပစ်ပြီးမှ လူ့အခွင့်အရေး၊ ဒီမိုကရေစီ၊ လွတ်လပ်ခွင့်၊ ငြိမ်းချမ်းရေးဆိုတဲ့ ကြွေးကြော်သံတွေ မမှန်မကန်ကြွေးကြော်ပြီး နိုင်ငံတကာကို နှောင့်ယှက်ဖျက်ဆီး အမြတ်ထုတ်နေတာဟာ ဘွဲ့ခွေ့ ကြက်သူခိုး လုပ်ရပ်နဲ့ တူမနေဘူးလားကွာ၊ စကားလုံးလှလှတွေ ဟန်ပြသုံးပြီးမှ နိုင်ငံများစွာရဲ့ သယံဇာတတွေ လုယက်နေကြတာကြောင့် နိုင်ငံများစွာဟာ ဒုက္ခပင်လယ် ဝေနေကြရပြီ၊ ဒို့နိုင်ငံကတော့ ဘွဲ့ခွေ့လို့ ရွတ်ပြရုံ၊ ဒီမိုကရေစီလို့ရွတ်ပြရုံနဲ့ ဒို့အိမ်က ကြက်ခိုးမယ့်ကောင်တွေလား၊ ဒို့ပြည်တွင်းရေး ဝင်စွက်ဖက်မယ့် လူတွေလားဆိုတာကို သတိရှိရှိ စောင့်ကြည့်နေကြရမှာကွ။

(မောင်ကာဠု) အဘိုးပြောမှ ရှင်းတော့တယ်၊ ဒါကြောင့်လဲ ဇန်နဝါရီလ ၁၁ ရက်နေ့က ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ အမေရိကန်နဲ့ ဗြိတိန်တို့ ပူးပေါင်းတင်သွင်းတဲ့ မြန်မာနိုင်ငံအပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဖိအားပေးအရေးယူပေးပါဆိုတဲ့အဆိုကို တရုတ်ပြည်သူ့သမ္မတနိုင်ငံနဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က ဗီတိုအာဏာကိုယ်စီသုံးပြီး Double Veto နဲ့ ပယ်ချလိုက်တာပဲကိုး၊ တောင်အာဖရိက နိုင်ငံကလဲ အဲဒီအမေရိကန်အဆိုကို ကန့်ကွက်တယ်၊ အင်ဒိုနီးရှား၊ ကာတာ၊ ကွန်ဂိုနိုင်ငံတို့က ကြားနေပေးခဲ့ကြတယ်။

(အဘိုး) **ဒီလို မတော်မတရား စွက်ဖက်ဒုက္ခပေးလိုတဲ့ အမေရိကန်ရဲ့ လုပ်ရပ်ဟာ ကမ္ဘာ့နိုင်ငံရေးနယ်ပယ်မှာတော့ တကယ့်ဒုစရိုက်မှုကြီးတစ်ခုမှန်း အားလုံးသိသွားကြပြီပေါ့၊ မြန်မာ NGO အဖွဲ့အစည်းတွေ၊ တိုင်းရင်းသား ငြိမ်းချမ်းရေးအဖွဲ့တွေကလည်း နေ့စဉ်နဲ့အမျှ အမေရိကန်နဲ့ဗြိတိန်တို့ရဲ့လုပ်ရပ်ဆိုးကို ပြစ်တင်ရှုတ်ချပြီး အမှန်တရားဘက်က ရပ်တည်ထောက်ခံခဲ့တဲ့ နိုင်ငံတွေကို ကျေးဇူးတင်ကြောင်း ဖော်ပြနေကြတာပေါ့ကွယ်။**

(မောင်ကာဠု) ၂၀၀၆ခုနှစ် စက်တင်ဘာလတုန်းက အမေရိကန်ကပဲ လုံခြုံရေးကောင်စီ အစီအစဉ်မှာ မြန်မာ့အရေး ထည့်သွင်းဆွေးနွေးဖို့ အဆိုတင်ခဲ့တယ်နော်၊ မြန်မာနိုင်ငံရဲ့ အခြေအနေတွေဟာ ဒေသတွင်းနဲ့နိုင်ငံတကာရဲ့ လုံခြုံရေး၊ ငြိမ်းချမ်းရေးကို ခြိမ်းခြောက်နေတယ်လို့ အမေရိကန်ရဲ့ ကုလသမဂ္ဂဆိုင်ရာ သံအမတ်ကြီးက အားမနာလျှာမကျိုး ပြောဆိုစွပ်စွဲခဲ့တယ်နော်၊ ပြည်ထောင်စုတစ်ဝန်းက တိုင်းရင်းသားစုံ၊ လူထုလူတန်းစားအလွှာစုံတက်ရောက်ကြတဲ့ ကျင်းပဆဲ အမျိုးသားညီလာခံကြီးမှာ ကိုယ်စားလှယ် ၁၀၈၁ ဦးက အမေရိကန်ရဲ့ အဲဒီမသမာတဲ့လုပ်ရပ်ကို ရှုတ်ချကန့်ကွက်ကြောင်း တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြတယ်။ အထူးစုံညီ အစည်းအဝေးကြီးတစ်ရပ်ကျင်းပဖို့ ဆိုင်ရာကိုခွင့်တောင်းပြီး ကိုယ်စားလှယ်တွေက ကျင်းပခဲ့ကြတာပဲ။

(အဘိုး) အေးကွ၊ **အခု ဇန်နဝါရီလ ၁၂ ရက်နေ့မှာ ဗီတိုနှစ်လုံးနဲ့ဆုံးဖြတ်မဲခွဲပယ်ချခံခဲ့ရတဲ့ အမေရိကန်ရဲ့ အဆိုကို NLD က ထောက်ခံကြောင်း ကြေညာချက်ထုတ်သတဲ့ကွယ်၊ အဲဒီလို ပြည်သူ့အကျိုးကို မျက်ကွယ်ပြုပြီး ပြည်သူလူထုဆန့်ကျင်ရေးလုပ်ရပ်(Anti-Mass)ဟာ ဒို့ပြည်သူတွေရဲ့ ဒေါသကို ဂရုမစိုက်ဘူး၊ အနောက်က ကျေနပ်ရင်တော်ပြီ၊ ပြည်ပရောက် ပြည်ပြေးတွေအားရှိရင် တော်ပြီဆိုတဲ့သဘောကို ဆောင်နေတာပေါ့။**

(မောင်ကာဠု) မြန်မာနိုင်ငံမှာ ဟိုတုန်းက နိုင်ငံရေးသမားတွေဟာ ကိုယ်ယုံကြည်ရာ ဝါဒကိုစွဲပြီး ဝါဒစွဲ၊ ပါတီစွဲ၊ ဂိုဏ်းဂဏစွဲတွေ ကြီးမားခဲ့ကြလို့ အချင်းချင်းတိုက်ခဲ့ကြတယ်၊ ဒါပေမယ့် အဲဒီတုန်းက နိုင်ငံရေးသမားများဟာ နိုင်ငံရေးသမား ပီသကြသေးတယ်၊ နိုင်ငံရေးသမားအများစုဟာ ပြည်ပကိုသစ္စာ မခံကြဘူး၊ အဲ–ပြည်ပကဝင်လာတဲ့ နိုင်ငံရေးဝါဒအချို့ကိုစွဲခဲ့ကြတာ၊ အဲဒီလိုစွဲခဲ့တဲ့ အစွဲကြီးဟာတော့ ပြောစရာရှိတာပေါ့ အဘိုးရယ်၊ နိုင်ငံရေးဆိုတာ နိုင်ငံရဲ့အရေး၊ နိုင်ငံသားတွေရဲ့အရေး၊ နိုင်ငံအကျိုး၊ နိုင်ငံသားပြည်သူတွေရဲ့အကျိုးကိုတော့ ရှေးရှုမျှော်ခေါ်လုပ်ရတာပါ၊ ဟိုတုန်းက နိုင်ငံရေးသမားအများစုဟာ မြန်မာ့လွတ်လပ်ရေးတိုက်ပွဲမှာ သက်စွန့်ကြိုးပမ်း ပါဝင်ဆောင်ရွက်ခဲ့ကြတယ်။ ဒီကနေ့တော့ နိုင်ငံပိုမိုဆင်းရဲအောင် ပြည်ပက ပိတ်ဆို့ပါတော့လား၊ အကူအညီဖြတ်တောက်ပါတော့လား၊ ဝင်ရောက်စွက်ဖက်ပါတော့လားလို့ ပြည်ပကို အားကိုးတကြီး အော်ဟစ်တောင်းဆိုနေကြတာတွေ့ရတယ်၊ ပြည်ပအားကိုး သက်သက်တွေပေါ့နော် အဘိုး။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❍

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာ ဒေါ်ဝေဝေသော ပြည်သူ့လူထုအခြေပြု ကိုယ်ဝန်ဆောင်မိခင်မှ ကလေးသို့ HIVပိုး ကူးစက်မှုမှ တားဆီးကာကွယ်ရေး စီမံချက် မြို့နယ်အဆင့် အသိပညာပေး ဆွေးနွေးခြင်းနှင့် ဆင့်ပွားသင်တန်းဖွင့်ပွဲတွင် ရှင်းလင်းပြောကြားစဉ်။ (မိခင်/ကလေး)

မိခင်မှ ကလေးသို့ အိပ်ချ်အိုင်ဗွီရောဂါပိုး ကူးစက်ခြင်းမှ ကာကွယ်တားဆီးရေးစီမံချက် ဆင့်ပွားသင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၁

ကျန်းမာရေးဦးစီးဌာန အမျိုးသားခုခံအားကျနှင့် ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် UNICEFတို့ ပူးပေါင်း ဆောင်ရွက်သည့် ပြည်သူလူထုအခြေပြုကိုယ်ဝန်ဆောင်မိခင်မှ ကလေးသို့ HIVပိုးကူးစက်မှုမှ ကာကွယ်တားဆီးရေးစီမံချက် မြို့နယ်အဆင့် အသိပေးဆွေးနွေးခြင်းနှင့် ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၂၉ရက်က မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကင်မွန်းချောင် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါ ဆင့်ပွားသင်တန်းဖွင့်ပွဲတွင် မွန်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်စိုးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာ ဒေါ်ဝေဝေသောက စီမံချက်လုပ်ငန်းနှင့် စပ်လျဉ်း၍ အသိပေး ရှင်းလင်း ပြောကြားသည်။

ထို့နောက် ကျိုက်ထိုမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဘုန်းနိုင်က ကင်မွန်းချောင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း သားဖွားခန်း လုပ်ငန်း ဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေး တင်ပြသည်။

ဆက်လက်၍ စီမံချက်မှ ပံ့ပိုးငွေများနှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ပံ့ပိုးသော စက်ဘီး နှစ်စီးနှင့် သားဖွားခန်း အသုံးအဆောင်များကို ပေးအပ်ရာ တာဝန်ရှိသူအသီးသီးက လက်ခံကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်များနှင့် အဖွဲ့သည် ကျိုက်ထိုမြို့နယ် ကင်မွန်းချောင် သားဖွားခန်း၌ ဖွင့်လှစ်ထားသော မြို့နယ်အဆင့် ဆင့်ပွားသင်တန်းသို့ သွားရောက်၍ လိုအပ်သည်များကို မှာကြားသည်။ အဆိုပါသင်တန်းတွင် သင်တန်းသူ ၁၀ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ လေးရက်ကြာမြင့်မည်ဖြစ်သည်။

ယင်းစီမံချက်ကို ကျန်းမာရေးဝန်ကြီးဌာန အမျိုးသားခုခံကျနှင့် ကာလသားရောဂါ တိုက်ဖျက်ရေး စီမံချက်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် **UNICEF** တို့ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်း ဖြစ်ရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုဆေးခန်းနှင့် စီမံချက်ဝင် မြို့နယ် သားဖွားခန်းများ၌ ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေး ပညာပေးခြင်း၊ ကိုယ်ဝန်ဆောင် စောင့်ရှောက်မှုပေးခြင်း၊ နှစ်သိမ့်ဆွေးနွေးပညာပေးခြင်းနှင့်မိမိဆန္ဒအလျောက် HIVပိုး ရှိ/မရှိ သွေးစစ်ခြင်းများကို အခမဲ့ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။(သတင်းစဉ်)

ပြည်ထောင်စု အထက်တန်းကျောင်း ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၈)မိုင်ရှိ ယခင်ပြည်ထောင်စုအထက်တန်းကျောင်း ကျောင်းသားဟောင်းများ၏ နှစ်စဉ်ကျင်းပမြဲ အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက်(ပြည်ထောင်စုနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် (၁၀၆)လမ်း အမှတ် (၂၄-ဒီ)ရှိ ဆရာကြီးဦးတိုးအောင်၏ နေအိမ်၌ကျင်းပမည်ဖြစ်သည်။

အာစရိယပူဇော်ပွဲသို့ ဆရာဟောင်းများနှင့် ကျောင်းသားဟောင်းများ မပျက်မကွက် ကြွရောက်ကြရန်နှင့် ဆက်သွယ်လှူဒါန်းလိုသူများသည် ဗိုလ်မှူးကြီး ဗဟိန်း(ငြိမ်း)ဖုန်း-၆၆၀၇၃၁၊ ဗိုလ်မှူးမောင်သိမ်း(ငြိမ်း)ဖုန်း-၅၇၂၀၁၅၊ ဒေါက်တာဦးအေးဖေ ဖုန်း- ၆၆၂၉၆၇၊ ဦးအေးဖေ ဖုန်း-၃၇၉၆၄၇၊ ဦးထွန်းမြင့် ဖုန်း-၀၅၆-၂၁၄၇၃၊ ဦးဘညွန့်ဦး ဖုန်း-၆၈၄၇၆၁နှင့် ဦးဝင်းကြည် ဖုန်း- ၅၇၃၁၉၀ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (သတင်းစဉ်)

အေးချမ်းအောင်မြင်စေတီတော် ပန္နက်တင်နှင့် အလှူငွေပေးအပ်ပွဲ

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ကမ်းနားအလယ် အနောက်ရပ်ကွက် ရတနာကံကြီး ပရိယတ္တိစာသင်တိုက်အတွင်း ဉာဏ်တော် ၂၇တောင်အမြင့်ရှိ လိုဏ်ဂူအောက်ခံဖြင့် စာသင်တိုက် ပဓာနနာယက ဘဒ္ဒန္တဇနပတိ(ဓမ္မာစရိယ)က ကြီးမှူး၍ အများပြည်သူကောင်းမှုဖြင့် တည်ထားကိုးကွယ်မည့် အေးချမ်းအောင်မြင်စေတီတော်ကြီး ပန္နက်တော်တင်မင်္ဂလာနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားတို့ကို ဖေဖော်ဝါရီ ၄ရက်နံနက် ၈နာရီတွင် အဆိုပါ ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ အလှူရှင်များ အနေဖြင့် မပျက်မကွက် တက်ရောက်ကြရန် အကြောင်းကြားထားကြောင်း သိရှိရသည်။ (သတင်းစဉ်)

❍ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

(အဘိုး) မှန်တယ်၊ **သူတို့အားကိုးတဲ့ ပြည်ပနိုင်ငံဆိုတာတွေကလဲ နယ်ချဲ့လက်ဟောင်းဝါရင့် ဥရောပနယ်ချဲ့နိုင်ငံတွေ၊ ဒီကနေ့ တစ်ကမ္ဘာလုံးကို မွှေနှောက်ခြေရှုပ်စွက်ဖက်ကျူးကျော်နေတဲ့ အမေရိကန်တို့ပဲ ဖြစ်နေတယ်၊ နယ်ချဲ့ကိုဖိတ်စာကမ်း၊ သူခိုး ဓားရိုးကမ်းပြီး မိမိတို့ဝေစုအဖြစ် အာဏာရလေမလားလို့ ကြံရွယ်ကြတာပေါ့၊ ဒါက ပြည်သူ့အားကိုမယုံ၊ ပြည်သူ့ဆန္ဒမဲကိုရဖို့ မသေချာတော့တာ သိနေကြလို့ပေါ့၊ အဲဒီလို ပြည်သူနဲ့ ကင်းကွာသွားရတာကလဲ သူတို့က ပြည်သူ့အကျိုးစီးပွားမှန်သမျှကို လိုက်ပြီး ဖျက်လိုဖျက်ဆီး လုပ်နေကြလို့ပေါ့၊ တိုင်းဆူ ပြည်ဖျက်လုပ်ဖို့ပဲ လှုပ်ရှားနေကြလို့ပေါ့ကွယ်။**

(မောင်ကာဠု) ပြည်ပအားကိုးတာ လုံးဝမမှန်ဘူး အဘိုးရဲ့၊ ဒီကနေ့လို နယ်ချဲ့ လက်ဟောင်း၊ လက်သစ်တွေ ခေါင်းထောင်ထလာနေတဲ့အချိန်မျိုးမှာ အဲဒီ ပြည်ပဆိုတဲ့ နယ်ချဲ့နိုင်ငံတွေကို အားကိုးတာလောက် မိုက်မဲတာ ဘယ်မှာရှိတော့မလဲ၊ အနောက်သံရုံးတွေ၊ အနောက်မီဒီယာတွေနဲ့ နေ့စဉ်ဆက်သွယ်ပြီး အတိုင်အဖောက် လုပ်နေကြလေ၊ မြန်မာပြည်သူတွေက အဲဒီလူတွေဟာ အမျိုးသားရေးဝါဒီတွေ မဟုတ်ဘူး၊ အမေကျော် ဒွေးတော်ကိုလွမ်းနေသူတွေမှန်း၊ နယ်ချဲ့နောက်လိုက်၊ လက်ပါးစေ ပုဆိန်ရိုးတွေမှန်းသိနေကြပြီပေါ့။

(အဘိုး) အေး-တလောက နိုဘယ်လ်ဆုတွေအကြောင်း ဆောင်းပါးတစ်ပုဒ် ဖတ်လိုက်ရတယ်။ မဟတ္တမဂန္ဒီကြီးလိုငြိမ်းချမ်းရေးနည်းနဲ့ အိန္ဒိယလွတ်လပ်ရေး ကြိုးပမ်းခဲ့သူကို နိုဘယ်လ်ဆုပေးဖို့အကြိမ်ကြိမ် ငြင်းဆန်ပယ်ချပြီး နိုင်ငံများစွာမှ အနောက်က အသုံးချလိုသူတွေကိုရွေးပြီး နိုဘယ်လ်ဆုပေးခဲ့တဲ့ အကြောင်းတွေ မင်းလည်းဖတ်လိုက်ရမှာပေါ့။

(မောင်ကာဠု) ဖတ်လိုက်ရတယ်အဘိုး။

(အဘိုး) အဲဒီလို နိုဘယ်လ်ဆုရအောင် CIA က ဝင်ရောက်စွက်ဖက်ခဲ့ပြီး သူတို့ အသုံးချမယ့်လူတွေကို နိုဘယ်လ်ဆုရစေခဲ့ရာမှာ အဲဒီလူတွေဟာ အခု နောက်ဆုံးဇာတ်ပေါင်းတော့ ဘာဖြစ်သွားသလဲ၊ မင်းသတိထားမိရဲ့လား။

(မောင်ကာဠု) ပြောပါဦးအဘိုး။

(အဘိုး) အေး-ပြောပြမယ်၊ ပိုလန်ကိုဖြိုချဖို့ ဆူပူရေးခေါင်းဆောင် သင်္ဘောကျင်းအင်ဂျင်နီယာ လက်ဖ်ဆာမာဒီ ကနေ့ရာထူးက ပြုတ်ကျသွားပြီးလေ၊ ဆိုဗီယက်သမ္မတ ဂေါ်ဗာချော့ဖ် နိုဘယ်လ်ဆု ရရှိပြီးတဲ့နောက်မှာ ဆိုဗီယက်ပြည်ထောင်စုကြီး ပြိုကွဲသွားခဲ့တယ်၊ သူလဲရာထူးပြုတ်ပြီး နိုင်ငံရေးနာလန်မထူတော့ဘူး၊ ဆိုဗီယက်ခေတ် စာပေနိုဘယ်လ်ဆုရ အလက်စန္ဒာဆိုဇင်နစ်ဆင်ဟာ ပြည်တော်ပြန် မလှဘဲ CIA ကြေးစားဘဝနဲ့ ဇာတ်မြုပ်သွားပြီလေ၊ ၁၉၉၃ ခုနှစ်မှာ ပါလက်စတိုင်း-အစ္စရေး ငြိမ်းချမ်းရေး သဘောတူညီချက်မှာ အမေရိကန်သမ္မတ ကလင်တန်အလိုကျ လက်မှတ်ရေးထိုးခဲ့တဲ့ ပါလက်စတိုင်း ခေါင်းဆောင် ယာဆာအာရာဖတ်ဟာ နောက်ပိုင်း အမေရိကန်ရဲ့ ရန်လုပ်တာခံရပြီး ပြင်သစ်ဆေးရုံတစ်ရုံမှာ ကွယ်လွန်ခဲ့တယ်၊ ဘာကြောင့် သေရတယ်ဆိုတဲ့ ဆေးမှတ်တမ်းတောင် မရှိခဲ့ဘူး၊ အစ္စရေးဘက်မှ လက်မှတ်ထိုးခဲ့တဲ့ ဝန်ကြီးချုပ်ယစ်ဇတ်ရာဘင်လဲ ၁၉၉၅ခုနှစ်မှာ အစ္စရေးအစွန်းရောက် သမားတစ်ဦးရဲ့ ပစ်ခတ်သတ်ဖြတ်မှုခံခဲ့ရတယ်၊ အရှေ့တီမောခွဲထွက်ရေးခေါင်းဆောင် ပြည်ပြေးဝန်ကြီးဟောင်း ရာမို့စ်လည်း အခုတော့ အရှေ့တီမောအစိုးရ အဖွဲ့ဝင်အဖြစ်က ပြုတ်သွားပြီလေ၊ တောင်အာဖရိကက နိုဘယ်လ်ဆုရတဲ့ ဒက်စမွန်တူးတူးလဲ သူ့နိုင်ငံက အဖိနှိပ်ခံလူမည်းအများစု အကျိုးမလုပ်ဘဲ CIAခိုင်းသမျှ လျှောက်လုပ်ပေးနေရတဲ့ ကြေးစားဘဝရောက်သွားပြီလေ၊ ဒါမျိုးတွေက အများကြီးပါကွယ်၊ တောင်ဗီယက်နမ်မှာ ငိုဒင်ဇင်ကို CIAက သမ္မတအဖြစ်တင်ခဲ့တယ်၊ လူထုကမကြိုက်တော့တဲ့ အခါ CIA ကပဲ သူတို့ရဲ့ လက်ကိုင်တုတ်လုပ်ထားတဲ့ စစ်တပ်ကို အာဏာသိမ်းခိုင်းပြီး ငိုဒင်ဇင်ကို မြို့တော်အလယ်မှာ သတ်ပစ်စေခဲ့တယ်၊ ဒီနမူနာမျိုးတွေလည်း အများကြီးပါ။

(မောင်ကာဠု) နယ်ချဲ့ပုဆိန်ရိုးတွေရဲ့ ဇာတ်သိမ်းကတော့ ပုဆိန်ရိုးဆွေးလာမယ်၊ ကျိုးပဲ့လာမယ်၊ ပုဆိန်သွားတပ်ရာမှာ ချောင်လာမယ်၊ အဲဒီပုဆိန်ကို နောက်ပိုင်းအသုံးမချတော့ဘူးဆိုရင် အဲဒီ ပုဆိန်ရိုးဟာ ထင်းဖြစ်သွားပြီး မီးဆိုက်ခံရတော့မယ်၊ ပုဆိန်ရိုး ဖြစ်စမှာတော့ အသုံးတော်ခံလို့ကောင်းတုန်း၊ မျက်နှာရတုန်းပေါ့၊ ပုဆိန်ရိုးဆိုတာ အဘိုးတစ်ခါက ပြောသလို သစ်ခိုးသမားက သစ်တောထဲကိုကျူးဝင်၊ သစ်ပင်ကိုခိုးခုတ်ဖို့ ပုဆိန်ကိုသုံးရတယ်၊ ပုဆိန်ကို အိမ်က အရိုးတပ်ယူလာရင် သစ်တောစောင့်နဲ့တွေ့မှာစိုးလို့ ပုဆိန်ကို အိတ်ထဲထည့်ယူပြီး ထင်းခွေလေဟန် ဓားမတိုတစ်ချောင်းကိုင်လာတာပဲ။ အဲ-တောထဲလူပြတ်တဲ့နေရာ ရောက်ရင် ခိုးခုတ်မယ့်အပင် ရွေးတယ်၊ သစ်ပင်ကြီးကို ဓားမတိုနဲ့ ခုတ်လှဲလို့မရနိုင်ဘူး၊ အဲဒီသစ်ပင်ရဲ့ အနေတော်သစ်ကိုင်းတစ်ခုကို ဓားမတိုနဲ့ခုတ်၊ ပုဆိန်မှာအရိုးတပ်ပြီး အဲဒီသစ်ပင်ကြီးကို လှဲခုတ်တော့တာပဲ၊ ပုဆိန်ချက်များလာတော့ သစ်ပင်ကြီးလည်း လဲတော့တာပေါ့၊ ပုဆိန်ရိုးဆိုတာ အမိသစ်ပင်ကြီးကို သစ်သူခိုးခုတ်လှဲဖို့ သစ်သူခိုးရဲ့ပုဆိန်မှာ လှဲခုတ်အားကောင်းစေမယ့် ပုဆိန်ရိုးအဖြစ် အသုံးချခံရတဲ့ဟာပေါ့၊ **ပုဆိန်ရိုးမှန်သမျှဟာ နောက်ဆုံးတော့ နယ်ချဲ့တို့ ရေနွေးအိုးတည်ဖို့ ထင်းဖြစ်သွားကြတာ ဇကန်ပါပဲ။**

(အဘိုး) ဟုတ်ပါ့မလား မောင်ကာဠုရဲ့။

(မောင်ကာဠု) ဒါ့ထက်တောင်ပိုသေး ။

ကွယ်လွန်သူ ရဟန်းဒါယကာကြီး ဦးတင်အေး တစ်လပြည့်အားရည်စူး၍ ဇနီးဒေါ်တင်တင်သန်းနှင့်သား စာရေးဆရာ မောင်မိုးယံမိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆေးပဒေသာပင် ကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံဌာနခွဲမှူး(စီမံ) ဦးလှရှိန် လက်ခံယူစဉ်။

(က-ပ)

ရန်ကင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူးကျင်းပသော မျက်နှာအလှပြုပြင်ခြင်းနှင့် ဆံကေသာအလှပြုပြင်ခြင်းသင်တန်းကို ဇန်နဝါရီ ၂၃ရက်က ဖွင့်လှစ်သင်ကြားရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်စန်းမြင့်နှင့်အဖွဲ့ ကြည့်ရှုအားပေးစဉ်။ (၃၅)

✪ ကျောဖုံးမှ

ခုတုံးလုပ်အသုံးချရန် ကြိုးပမ်းလုပ်ဆောင်သော အမေရိကန်နှင့် ဗြိတိန်တို့၏လုပ်ရပ်ကို နိုင်ငံရေးအသိနိုးကြားသော မြန်မာလူငယ်များက ပြင်းပြင်းထန်ထန် ဆန့်ကျင်ရှုတ်ချ ကန့်ကွက်ကြောင်း သဘောထားကြေညာချက်"စာကိုလည်းကောင်း တွေ့ရှိရသည်။

ထို့ပြင် **"ဒီမိုကရေစီ ခေါင်းဆောင်"** ဟူသော ခေါင်းစဉ်ဖြင့် **"အမေရိကန်ပြည်သူများခင်ဗျား"**ဟု အစချီကာ ရေးသားထားသည့်စာကိုလည်း တွေ့ရှိရသည်။

၎င်းစာတွင် အမေရိကန်ပြည်သူများနှင့် မြန်မာပြည်သူများ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံနေကြသော်လည်း အမေရိကန်အစိုးရက မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန်အတွက် လုံခြုံရေးကောင်စီ အစီအစဉ်တွင် တင်သွင်းပြီး ဆုံးဖြတ်ချက်ချရန် လုပ်ဆောင်ခြင်းသည် အလွန်ပင်အံ့အားသင့်၊ စိတ်ပျက်ဖွယ်ကောင်းသော လုပ်ရပ်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် အဏုမြူခြိမ်းခြောက်မှု၊ အကြမ်းဖက်ခြိမ်းခြောက်မှု၊ စစ်ရေးခြိမ်းခြောက်မှုနှင့် အခြားခြိမ်းခြောက်မှု ဘာတစ်ခုမျှမပြုလုပ်ခဲ့ကြောင်း၊ အသင်တို့၏ အမေရိကန်အစိုးရကသာ မြန်မာနိုင်ငံတွင် ၎င်းတို့အလိုကျ ရုပ်သေးအစိုးရမတင်နိုင်သဖြင့် မအိပ်နိုင်မစားနိုင်ဖြစ်နေကြောင်း။

ထို့ကြောင့် သမ္မတဘုရှ်အား ဖယ်ရှားပစ်လိုက်မှသာ အမေရိကန်ပြည်သူများအတွက် ရန်သူနည်းလာမည်ဖြစ်ကြောင်း စသည်ဖြင့် ရေးသားထားသည်ကို တွေ့ရှိရသည်။

ယင်းကဲ့သို့ အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးရှေ့၌ ဆန္ဒပြမှုများ နှစ်ရက်ဆက်တိုက် ဖြစ်ပွားခဲ့ခြင်းနှင့် စပ်လျဉ်း၍ အများပြည်သူတို့က-

အမေရိကန်အစိုးရနှင့် ဗြိတိန်အစိုးရတို့က မြန်မာနိုင်ငံအပေါ် ဗိုလ်ကျစိုးမိုးရေးလုပ်ရပ်များ ဆက်တိုက်ပြုလုပ်ပြီး နိုင်ငံနှင့်လူမျိုးအား အကြိမ်ကြိမ် ထိပါးစော်ကားနေခြင်းကို မခံမရပ်နိုင်ဖြစ်လာသော ပြည်သူများအတွင်းမှ အမျိုးသားရေးစိတ်ဓာတ် ပြင်းပြထက်သန်သူများ ရှေ့တန်းထွက်၍ ဆန့်ကျင်ကန့်ကွက်လိုက်ခြင်းပင်ဖြစ်ကြောင်း။

ဆန္ဒပြသူများ ရေးသားဖော်ပြထားသည့် ကြွေးကြော်သံများနှင့် သဘောထားကြေညာချက်များက နိုင်ငံတော်၏မူဝါဒများ၊ ပြည်သူလူထု၏ ဆန္ဒသဘောထားများနှင့် ကွဲပြားခြားနားမှုမရှိဘဲ တစ်စိတ်တည်း တစ်ဝမ်းတည်းရှိနေမှုကို ထင်ဟပ်လျက်ရှိကြောင်း။

မည်သူတစ်ဦးတစ်ယောက်ကိုမျှ ထိပါးနှောင့်ယှက်ခြင်းမရှိဘဲ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးမူဘောင်အတွင်း ငြိမ်းချမ်းစွာ ဆန္ဒပြခြင်းဖြစ်၍ အမျိုးသားရေး အကျိုးစီးပွားဘက်မှ ရပ်တည်နေသူတိုင်း ကြိုဆိုထောက်ခံအားပေးရမည့် အပြုသဘောဆောင်သည့် လုပ်ဆောင်ချက်ပင်ဖြစ်ကြောင်း။

ယင်းသို့ အပြုသဘောမဟုတ်ဘဲ ပြည်သူလူထု၏ ဆန္ဒသဘောထားနှင့် ဆန့်ကျင်၍လည်းကောင်း၊ အမျိုးသားရေးအကျိုးစီးပွားနှင့် ဆန့်ကျင်၍လည်းကောင်း အဖျက်သဘောဖြင့် လုပ်ဆောင်လာမှုများကို လက်ခံနိုင်မည်မဟုတ်ကြောင်း။

ယခုလုပ်ရပ်များမှာ ပြည်သူလူထုက သည်းမခံနိုင်တော့သဖြင့် မျိုးချစ်စိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ် ပြင်းပြထက်သန်မှုကို ဖော်ပြလိုက်ခြင်းဖြစ်ကြောင်း၊ အမေရိကန်အစိုးရနှင့်ဗြိတိန်အစိုးရတို့၏ တစ်ဖက်စောင်းနင်းလုပ်ရပ်များကို အခုလိုတုံ့ပြန်နိုင်မှ တန်ကာကျမှာဖြစ်ကြောင်း စသည်ဖြင့် ၎င်းတို့၏ သဘောထားအမြင်များကို ထုတ်ဖော်ပြောကြားနေကြကြောင်း ကြားသိရသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံအပေါ် အမေရိကန်အစိုးရနှင့် ဗြိတိန်အစိုးရတို့၏ ဗိုလ်ကျစိုးမိုးရေးလုပ်ရပ်ကို ရပ်တန့်ကာရပ်ရန် သတိပေးလိုက်သော

ပြည်သူလူထု၏ ဆန္ဒသဘောထားများ

- ☆ ဆန္ဒပြသူများ ရေးသားဖော်ပြထားသည့် ကြွေးကြော်သံများနှင့် သဘောထားကြေညာချက်များက နိုင်ငံတော်၏မူဝါဒများ၊ ပြည်သူလူထု၏ ဆန္ဒသဘောထားများနှင့် ကွဲပြားခြားနားမှုမရှိဘဲ တစ်စိတ်တည်း တစ်ဝမ်းတည်းရှိနေမှုကို ထင်ဟပ်လျက်ရှိကြောင်း၊
- ☆ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ထိပါးနှောင့်ယှက်ခြင်းမရှိဘဲ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး မူဘောင်အတွင်း ငြိမ်းချမ်းစွာ ဆန္ဒပြခြင်းဖြစ်၍ အမျိုးသားရေး အကျိုးစီးပွားဘက်မှ ရပ်တည်နေသူတိုင်း ကြိုဆိုထောက်ခံအားပေးရမည့် အပြုသဘောဆောင်သည့် လုပ်ဆောင်ချက်ပင်ဖြစ်ကြောင်း၊
- ☆ ယင်းသို့ အပြုသဘောမဟုတ်ဘဲ ပြည်သူလူထု၏ ဆန္ဒသဘောထားနှင့် ဆန့်ကျင်၍လည်းကောင်း၊ အမျိုးသားရေးအကျိုးစီးပွားနှင့် ဆန့်ကျင်၍လည်းကောင်း အဖျက်သဘောဖြင့် လုပ်ဆောင်လာမှုများကိုမူ လက်ခံနိုင်မည်မဟုတ်ကြောင်း၊
- ☆ ယခုလုပ်ရပ်များမှာ ပြည်သူလူထုက သည်းမခံနိုင်တော့သဖြင့် မျိုးချစ်စိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ် ပြင်းပြထက်သန်မှုကို ဖော်ပြလိုက်ခြင်းဖြစ်ကြောင်း၊ အမေရိကန်အစိုးရနှင့် ဗြိတိန်အစိုးရတို့၏ တစ်ဖက်စောင်းနင်းလုပ်ရပ်များကို အခုလိုတုံ့ပြန်နိုင်မှ တန်ကာကျမှာဖြစ်ကြောင်း။

☆ မြန်မာ့ပြည်တွင်းရေးမှ

၎င်းတို့စေလွှတ်လိုက်သော အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးရေးသမားများအား ပြည်တွင်း၌ ဖောက်ခွဲရေးလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်နိုင်ပါက တစ်ဦးလျှင် ဘတ်ငွေ ၁၀၀၀၀ အထိ ချီးမြှင့်မည်ဟု မက်လုံးပေးထားကြောင်းလည်း သတင်းရရှိသည်။

သို့ဖြစ်၍ နိုင်ငံတော်အနေဖြင့် အဆိုပါအကြမ်းဖက် အဖျက်အမှောင့်လုပ်ရပ်များကို တားဆီးချေမှုန်းနိုင်ရန်အတွက် လိုအပ်သောအစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ထို့အတူ ပြည်သူလူထုအနေဖြင့်လည်း မိမိတို့ နေထိုင်ကူးသန်းသွားလာရာ လူမှုစီးပွားရေး အဝန်းအဝိုင်းအတွင်းသို့ အကြမ်းဖက် အဖျက်အမှောင့်သမားများနှင့် ဖောက်ခွဲဖျက်ဆီးရေးသမားများ ထိုးဖောက်ဝင်ရောက် လှုပ်ရှားမှု မပြုနိုင်စေရေးအတွက် အမြဲသတိပြု စောင့်ကြပ်ကြည့်ရှုဖော်ထုတ်ပြီး တာဝန်ရှိသူများထံ အချိန်မီသတင်းပေးပို့ခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်ကြရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပုသိမ်မြို့ မရမ်းကျောင်း စာသင်တိုက် (၅၃)ကြိမ်မြောက် သုဓမ္မာဝိနယာဓိက ပရိယတ္တိစာမေးပွဲတွင် ပုသိမ်မြို့ ရွှေစေတီလမ်းနေ ဒေါ်သိန်းဟန်နှင့် မိသားစုများက သံဃာတော်များအတွက် အလှူငွေကျပ်ခြောက်သိန်းကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ ဒုတိယနေ့ဆက်

ရန်ကုန် ဇန်နဝါရီ ၃၁

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၂၂)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ (၂၀၀၇)ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပရာ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဝင်းသန်းနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ တာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးကြသည်။

ကြည့်ရှုစစ်ဆေး

အဆိုပါ ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲသို့ ပြည်တွင်း ရတနာကုန်သည် ၅၀၆ ဦးနှင့် ပြည်ပရတနာကုန်သည် ၂၈၈ ဦးတို့ ရောက်ရှိနေကြပြီး ကျောက်မျက်ရတနာများကို ကြည့်ရှုစစ်ဆေးကြသည်။

ကျောက်မျက်နှင့် ကျောက်စိမ်းများကို ဖေဖော်ဝါရီ ၁ ရက်အထိ ပြသမည်ဖြစ်ပြီး ရောင်းချပွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂ရက် နံနက် ၉ နာရီ၌ကျင်းပ၍ ဖေဖော်ဝါရီ ၃ ရက်အထိ ရောင်းချသွားမည်ဖြစ်သည်။ (သတင်းစဉ်)

သပြေကန်ဆရာတော်ကြီးအား ရည်မှန်းပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၃၁

ကျေးဇူးတော်ရှင် အဘိဓဇမဟာရဋ္ဌဂုရု ရွှေကျင်နိကာယဥပဥက္ကဋ္ဌ၊ ကျမ်းပြုအကျော်၊ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ စံလွန်တော်မူသည့် (၁၂)နှစ်မြောက် ပူဇော်ပွဲကို အထက်ပါကျောင်းတိုက် ဓမ္မပါလဓမ္မာရုံ၌ ဖေဖော်ဝါရီ ၁၂ရက် (တနင်္လာနေ့) နံနက် ၈ နာရီခွဲတွင် ကျင်းပမည် ဖြစ်သည်။

ပူဇော်ပွဲ အကြို ညချမ်းဓမ္မပူဇာ အဖြစ် ဖေဖော်ဝါရီ ၅ရက်တွင် ဒေါက်တာဘဒ္ဒန္တကောဝိဒ (မဇ္ဈိမဂုဏ်ရည်ဆရာတော်)၊ ၆ ရက်တွင် ဘဒ္ဒန္တခေမာစာရ (ပုဇွန်တောင်ရွှေကျင်ကျောင်းတိုက် ပဓာနနာယကဆရာတော်)၊ ၇ ရက်တွင် ဘဒ္ဒန္တမေဃိယ သန်လျင်မြို့၊ ၈ ရက်တွင် ဘဒ္ဒန္တဇဝန(မေတ္တာရှင်)၊ ၉ ရက်တွင် ဘဒ္ဒန္တဆေကိန္ဒ(ဓမ္မဒူတ)၊ ၁၀ရက်တွင် ဘဒ္ဒန္တအရိယိန္ဒာဘိဝံသ (ရွှေလင်းယုန်ဆရာတော်)၊ ၁၁ ရက်တွင် ဘဒ္ဒန္တအာစာရာလင်္ကာရ (၉)ဘွဲ့ရ၊ ၁၂ရက်တွင် ဘဒ္ဒန္တအင်္ဂိသ(ပါဠိကာရီဆရာတော်) တို့က နေ့စဉ် ည ၇နာရီခွဲမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်သည်။ (က-ပ)

မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြော

ရန်ကုန် ဇန်နဝါရီ ၃၁

တာမွေမြို့နယ် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းနှင့် မအူကုန်းရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်းဆောင်ရွက်သော မူးယစ်ဆေးဝါးအန္တရာယ်နှင့် HIV/AIDS ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးအခမ်းအနားကို ဇန်ဝါရီ ၂၈ ရက်က တာမွေ အလက(၃)ကျောင်းခန်းမတွင် ပြုလုပ်သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗဟို)မှအတွင်းရေးမှူး ဦးဝင်းနိုင်၊ မြို့နယ်မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးလှဝင်း **(ယာပုံ)**၊ မြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဘဏ္ဍာရေးမှူး ဒေါ်အေးအေးသန်းနှင့် အလုပ်အမှုဆောင် ဒေါ်ခင်မိုးမိုးအောင်တို့က ရှင်းလင်းပြောကြားသည်။ (၀၈)

လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး ဆဌမအကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် နှမ်းမနဲထိုးပြိုင်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၁

လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး ဆဌမအကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်၊ ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များ နှမ်းမနဲထိုးပြိုင်ပွဲကို ယနေ့ ညနေ ၆ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ရှိ လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး တောင်ဘက်စောင်းတန်းမုခ်ဦးအနီး၌ ကျင်းပသည်။

တက်ရောက်

နှမ်းမနဲထိုးပြိုင်ပွဲသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းနှင့် ဇနီး ဒေါ်မာမာဝေ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို၊ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ခရိုင်အတွင်းရှိ ခရိုင်နှင့်မြို့နယ်များမှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မင်းဓမ္မကုန်းတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးရွှေကျော်နှင့် အဖွဲ့ဝင်များ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင် အသင်းသားများ တက်ရောက်ကြသည်။ ပြိုင်ပွဲတွင် ရှေးဦးစွာ နှမ်းမနဲထိုးပြိုင်ပွဲ ဒိုင်ချုပ်က ပြိုင်ပွဲစည်းမျဉ်း စည်းကမ်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြိုင်ပွဲကို တိုင်းမှူး ဗိုလ်ချုပ် လှဌေးဝင်းနှင့် ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြရာ မြောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ် ကိုယ်စားပြု ပြိုင်ပွဲဝင်အသင်းများက နှမ်းမနဲထိုးပြိုင်ပွဲကို အပြိုင်အဆိုင် တပျော်တပါး စတင်ယှဉ်ပြိုင်ကြသည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ် လှဌေးဝင်း၊ ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်နှင့် တာဝန်ရှိသူများသည် နှမ်းမနဲထိုးပြိုင်ပွဲ အပြိုင်အဆိုင် ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိကြသည့် မြို့နယ်များအား မင်းဓမ္မကုန်းတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လည်းကောင်း၊ တတိယဆုရ အင်းစိန်မြို့နယ်နှင့် တိုက်ကြီးမြို့နယ် အသင်းတို့အား သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်နှင့် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်တို့က လည်းကောင်း၊ ဒုတိယဆုရ မှော်ဘီမြို့နယ်အသင်းအား အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်က လည်းကောင်း၊ ပထမဆုရ မင်္ဂလာဒုံမြို့နယ်အသင်းအား သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုက လည်းကောင်း ဆုများကို အသီးသီး ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်တို့ ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များ နှမ်းမနဲထိုးပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း သီရိလင်္ကာနိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် ဇန်နဝါရီ ၃၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မင်္ဂလာဆမာရာဝီးရာ၏ ဖိတ်ကြားချက်အရ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ သွားရောက်ခဲ့ပြီးနောက် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာကြသည်။

ကိုလံဘိုမြို့သို့ ရောက်ရှိစဉ်အတွင်း နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဇန်နဝါရီ ၂၅ ရက် နံနက်ပိုင်းတွင် သီရိလင်္ကာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် ကိုလံဘိုမြို့ သီရိလင်္ကာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၌တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ရေးအတွက် နှစ်နိုင်ငံ ဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပခဲ့သည်။

ယင်းဆွေးနွေးပွဲတွင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် နယ်ပယ်များကို ဆွေးနွေးဖော်ထုတ်ခဲ့ကြပြီး ၁၉၉၆ ခုနှစ်က ထူထောင်ထားခဲ့သည့် နှစ်နိုင်ငံ ပူးတွဲကော်မရှင်ကို စတင် အသက်သွင်းရေးအတွက် ဆောင်ရွက်ကြရန် သဘောတူညီခဲ့ကြသည်။

နှစ်နိုင်ငံ ဆွေးနွေးပွဲကျင်းပပြီးနောက် နိုင်ငံခြားဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့သည် ကိုလံဘိုမြို့ရှိ ဂါးလ်ဖေ့စ် ဟိုတယ်၌ သီရိလင်္ကာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မင်္ဂလာဆမာရာဝီးရာက တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့သည် ဇန်နဝါရီ ၂၅ ရက် ညနေပိုင်းတွင် သီရိလင်္ကာနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်ဦးလွင် လိုက်ပါလျက် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မဟိန္ဒာ ရတနာသီရိ ဝစ်ခရမ်မာနာရာကာအား ဝန်ကြီးချုပ်ရုံး၌ သွားရောက်ဂါရဝပြု တွေ့ဆုံခဲ့သည်။

ယင်းနေ့ ညနေပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် သီရိလင်္ကာနိုင်ငံ ဝန်ကြီးချုပ်က ကိုလံဘိုမြို့ ထရန်စ်အာရှဟိုတယ်၌ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့သည် ဇန်နဝါရီ ၂၆ ရက်တွင် သီရိလင်္ကာနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်ဦးလွင် လိုက်ပါလျက် ကိုလံဘိုမြို့ရှိ သမ္မတအိမ်တော်သို့ သွားရောက်၍ သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မဟင်ဒါရာဂျာပတ်ခ်ဆာအား ဂါရဝပြု တွေ့ဆုံနှုတ်ဆက်ခဲ့သည်။

ယင်းနေ့ ညနေပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကန္ဒီမြို့သို့ သွားရောက်ပြီး ဗုဒ္ဓစွယ်တော်မြတ်ကို ဖူးမြော်ခဲ့ကြသည်။

မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့သည် ဇန်နဝါရီ ၂၇ ရက်တွင် ဒမ်ဘူလနှင့် အနုရာဓပူရမြို့များရှိ ဗုဒ္ဓစေတီပုထိုးများအား သွားရောက်ဖူးမြော်ခဲ့ကြသည်။

ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဇန်နဝါရီ ၂၈ ရက်တွင် ကိုလံဘိုမြို့ရှိ မြန်မာသံရုံးသို့သွားရောက်ပြီး မြန်မာသံအမတ်ကြီးနှင့် သံရုံးဝန်ထမ်းများအား တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့်အတူ မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များဖြစ်ကြသော နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်လင်း၊ ညွှန်ကြားရေးမှူး ဦးကျော်တင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဇေယျာထွန်းနှင့် ဌာနစုမှူး(၁) ဒေါ်ချိုချိုစိုးတို့လည်း နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာကြသည်။ (သတင်းစဉ်)

သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မဟင်ဒါရာဂျာပတ်ခ်ဆာအား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ကိုလံဘိုမြို့ရှိ သမ္မတအိမ်တော်၌ တွေ့ဆုံနှုတ်ဆက်စဉ်။
(နိုင်ငံခြားရေးဌာန)

သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မဟိန္ဒာ ရတနာသီရိဝစ်ခရမ်မာနာရာကာအား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ကိုလံဘိုမြို့ရှိ ဝန်ကြီးချုပ်ရုံး၌ တွေ့ဆုံနှုတ်ဆက်စဉ်။
(နိုင်ငံခြားရေး)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁-၂-၂၀၀၇ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇း၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈း၀၀ ၆။ အတီးပြိုင်ပွဲ
၈း၁၀ ၇။ အကပဒေသာ
၈း၂၀ ၈။ ယာကြီးရေထိန်းတမံ
၈း၃၀ ၉။ International News.
၈း၄၅ ၁၀။ Let's Go.
၉း၀၀ ၁၂။အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀ ၃။ တေးဂီတအစီအစဉ်
၄း၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ –ပထမနှစ် (ပထဝီဝင်အထူးပြု) (ပထဝီဝင်)
၅း၀၀ ၅။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၅း၁၅ ၆။ **"အားဆေး" (မိုးဒီ၊ဇော်ထက်အောင်၊ ဆောင်းအိမ်ခြွေထွန်း) (ဒါရိုက်တာ–စောစန္ဒာလှိုင်)**
၅း၂၀ ၇။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၅း၃၀ ၈။ သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ တပို့တွဲလပြည့် သြဝါဒပါတိမောက် အခါတော်နေ့ တရားတော်
၆း၀၀ ၉။ ညနေခင်းသတင်း
၆း၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၁။ သီရိဂေဟာ
၇း၀၀ ၁၂။ Discovery
၇း၁၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆိုသည်မှာ" (အပိုင်း–၁၈)**
၈း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အကြင်နာနွေဦး"(အပိုင်း–၈)**
၁၈။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ စာအုပ်များလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၃၁

အမျိုးသားစာပေဆုရ စာရေးဆရာ ကိုနေ(ကောလင်း) ရေးသား၍ အသစ်ထုတ်ဝေသည့် "မအေးမနှင့် အခြားဝတ္ထုတိုများ" ဝတ္ထုတိုပေါင်းချုပ် စာအုပ် ၅၀ ကို ဇန်နဝါရီ ၁၅ ရက်တွင် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ လှူဒါန်းခဲ့ကြောင်း၊ စာအုပ်များ၏ စုစုပေါင်း တန်ဖိုးငွေမှာ ကျပ်တစ်သိန်း ဖြစ်ကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

မြရောစျေးသင်္ဘော ရန်ကုန်မှထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၃၁

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ကုန်ပို့ဆောင်ရေးဌာနခွဲက ပြေးဆွဲလျက်ရှိသည့် မြရော ရန်ကုန်–မန္တလေး စျေးသင်္ဘောသည် ခေါက်ရေ(၄) ခရီးစဉ်အဖြစ် ယမန်နေ့ နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့ ဗိုလ်တထောင်ဆိပ်ကမ်း အမှတ်(၆) ဖောတံတားမှ ထွက်ခွာသွားသည်။ အဆိုပါစျေးသင်္ဘောသည် နယ်ဆိပ်ကမ်းစဉ်တစ်လျှောက် ဆိုက်ကပ်၍ ရောင်းချသွားမည်ဖြစ်ပြီး ယင်းစျေးသင်္ဘော၌ ဌာနပိုင်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် အထွေထွေကုန်ပစ္စည်းများ တင်ဆောင်သွားကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြစ်အတွင်းသို့ရေဆိုးတိုက်ရိုက်စွန့်ပစ်သည့်စနစ်အစား ရေကြည်စွန့်ပစ်သည့်စနစ်အသုံးပြု ရေဆိုးသန့်စင်စက်ရုံ

သတင်းဆောင်းပါး၊ ဓာတ်ပုံ
သတင်းထောက်သန်းဆွေ(ပန်းဘဲတန်း)

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီသည် ၂၀၀၃ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ရေဆိုးများသန့်စင်ရေးစက်ရုံ တည်ဆောက်ရေးလုပ်ငန်း ကော်မတီကို ဖွဲ့စည်းခဲ့ပြီး ရန်ကုန်မြစ်အတွင်းသို့ ရေဆိုး တိုက်ရိုက်စွန့်ပစ်သည့်စနစ်အစား သန့်စင်ပြီးရေကြည်စွန့်ပစ်သည့်စနစ်(Activated Sludge Process System) ကို အသုံးပြု၍ သန့်စင်မှု ပြုလုပ်သည့် ရေဆိုးသန့်စင်စက်ရုံ တည်ဆောက်ရေးစီမံကိန်းကို ၂၀၀၃ ခုနှစ် မေ ၁၂ ရက်မှ စတင်တည်ဆောက် အကောင်အထည်ဖော်ခဲ့ရာ ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၁၇ ရက်တွင်ပြီးစီး၍ စမ်းသပ်လည်ပတ်ခဲ့သည်။

ရေဆိုး သန့်စင်ရေးစက်ရုံကို ရန်ကုန်တိုင်း ဗိုလ်တထောင် မြို့နယ် သန်လျက်စွန်းရှိ ရန်ကုန်မြစ် အနီး မြေ ၅ ဒသမ ၅၆ ဧကေတွင်အကောင် အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ရေဆိုးသန့်စင်စက်ရုံ ဖြစ်ပေါ်လာပုံမှာ ၁၈၈၇ ခုနှစ်က ရန်ကုန်မြို့တွင် လူဦးရေနှစ်သောင်းခန့်သာရှိ၍ ပိုက်လိုင်းများ စတင်ဆက်သွယ်စဉ်က လူနေသိပ်သည်းမှု မရှိသည့်အတွက် သန့်စင်နိုင်သည့် အနေအထားတွင်ရှိခဲ့သည်။ ယနေ့အချိန်အခါတွင် လူဦးရေသိပ်သည်းလာခြင်း၊ စက်ရုံအလုပ်ရုံများ တိုးတက် များပြားတိုးပွားလာခြင်းတို့ကြောင့် ရေဆိုးသန့်စင်စက်ရုံကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ယခု တည်ဆောက်ပြီး အသုံးပြုနေသော ရေဆိုးသန့်စင်ရေးစက်ရုံ၏ နည်းစနစ်သည် နိုင်ငံတကာအဆင့်မီ နည်းစနစ်လေးခုအနက်မှ တစ်ခု ဖြစ်သည့် Activated Sludge Process စနစ်ကို အသုံးပြုထားခြင်း ဖြစ်သည်။ အထက်ပါ နည်းစနစ်ကို အသုံးပြုရခြင်းမှာ ဓာတုပစ္စည်းသုံးစွဲမှုနည်းပါးခြင်း၊ မြန်မာနိုင်ငံ၏ ရာသီဥတု အခြေအနေအရ ပိုးမွေးရလွယ်ကူခြင်း၊ ကုန်ကျစရိတ်နည်းပါးခြင်း စသည့်အချက်များ ပြည့်စုံခြင်းကြောင့် ဖြစ်သည်။

ယင်းစက်ရုံတွင် ရန်ကုန်မြို့တွင်းခြောက်မြို့နယ်မှ မိလ္လာစွန့်ပစ်စနစ်သာမက ကိုယ်ပိုင်သုံး မိလ္လာကန်များမှ အညစ်အကြေးများကို လာရောက်စွန့်ထုတ်နိုင်ရန်အတွက် နေ့စဉ် ရေဆိုးဂါလန် သုံးသန်းခန့် သန့်စင်ပေးနိုင်သည့် စက်ရုံဖြစ်သည်။

စက်ရုံမှ ရန်ကုန်မြစ်အတွင်းသို့ စွန့်ထုတ်လိုက်သော ရေများသည် သန့်စင်မှုရှိပြီးအောက်စီဂျင်ပြည့်ဝသော ရေများဖြစ်သဖြင့် မြစ်ရေညစ်ညမ်းမှု မရှိဘဲ သဘာဝ၏ မူလပုံမှန် အခြေအနေကို ပြန်လည်ရောက်ရှိလာမည် ဖြစ်သည်။

ရန်ကုန်မြစ်မှ အဆင့်ဆင့်ဆက်သွယ်နေသော မြစ်ချောင်းများသည်လည်း ပိုမိုသန့်စင်လာသည့်အတွက် ရေမှတစ်ဆင့် လူများသို့ ကူးစက်နိုင်သော ရောဂါများ ဖြစ်ပွားမှုမှ ကာကွယ်နိုင်မည်ဖြစ်သည်။ ပြည်သူများ၏ ကျန်းမာရေးကို အထောက်အကူပြုနိုင်သည်။ ရေနေသတ္တဝါများသည် သန့်စင်သည့် ရေတွင် ရှင်သန်နေရခြင်းကြောင့် ပိုမိုကြီးထွား ပွားများလာနိုင်မည် ဖြစ်သည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်က ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရေဆိုးသန့်စင်စက်ရုံ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

ရေဆိုးသန့်စင်စက်ရုံ၏ အဓိက ဆောင်ရွက်ချက်များကို တင်ပြရလျှင် ပထမအဆင့်အနေဖြင့် အညစ်အကြေးရေများ ရေဆိုးထိန်းကန်သို့ ဝင်ရောက်လာသည်။ ရေဆိုးများကို အထက်ပါ ကန်များတွင် နှစ်နာရီခန့် ထိန်းသိမ်းထားရာ အထိုက်အလျောက် အနည်ထိုင်သွားသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ ရေဆိုးသန့်စင်စက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်စဉ်။

အထက်ပါ ရေများမှအပေါ် ရေကြည်ကို အောက်စီဂျင်ပေး၍ အနည်ချေဖျက်ကန်သို့ ပို့လွှတ်လိုက်သည်။ အနည်ချေဖျက်ကန်သို့ ရေနှင့် အတူပါလာသော ပိုးမွှားများ၊ အမှုန်အမွှားများကို အောက်စီဂျင်ပေးကာ ရှစ်နာရီအတွင်း ချေဖျက်ပစ်သည်။

အောက်စီဂျင်ပေးထားသော အနည်ချေဖျက်ကန်မှ အရေများကို နောက်ဆုံးအဆင့် အနည်ထိုင်ကန်သို့ ပို့လွှတ်ပေးသည်။ နောက်ဆုံးအဆင့် အနည်ထိုင်ကန်သို့ ရောက်ရှိလာသော ရေများသည် ကြည်လင်သောရေအဖြစ်သို့လည်းကောင်း၊ ပိုးမွှားများ၏ ချေဖျက်မှုကြောင့် အနည်စုများဖြည်းဖြည်းချင်း တစုတဝေးတည်း ပေါင်းစည်းသွားကာ အနည်ကျ၊အနည်ထိုင်သောအနေအထားသို့လည်းကောင်း ရောက်ရှိသွားသည်။

ရေကြည်အဖြစ် ရောက်ရှိလာသော ရေများကို အခြားတစ်ဆင့်ရှိ ပိုးသတ်ကန်သို့ ပို့ဆောင်ပြီး ပိုးမွှားများကို ဓာတ်မီနည်းစနစ်ဖြင့်ရှင်းလင်းပစ်သည်။ ပိုးသတ်ပြီးရေများကို ထပ်မံ စစ်ဆေးပြီး စိတ်ချရမှ ရန်ကုန်မြစ် အတွင်းသို့ ပို့လွှတ်ခြင်းဖြစ်သည်။

ရေဆိုးသန့်စင်စက်ရုံသို့ မည်းညစ်နေသောရေများဝင်စက Boichemical Oxygen Demand ခေါ် အောက်စီဂျင်လိုအပ်မှုပမာဏ ၂၅၀ မှ ၈၀၀ ထိရှိနိုင်သော်လည်း စွန့်ပစ်သည့်အချိန်၌ အောက်စီဂျင်လိုအပ်မှု လုံးဝနည်းပါးကျဆင်းသွားသည်။ ရေဆိုးသန့်စင်စက်ရုံသို့ ဝင်ခါစရေများတွင် အနည်အမှုန်များ ၄၅၀ မီလီဂရမ်/လီတာခန့်ရှိသော်လည်း မြစ်အတွင်းစွန့်ပစ်သည့်အခါ ၁၀ မီလီဂရမ်/လီတာခန့်အထိ ကျဆင်းသွားသည်ကို စစ်ဆေးတွေ့ချက်မှုအရ သိရှိရသည်။

သန့်စင်ပြီးရေများကို ရန်ကုန်မြစ်အတွင်း စွန့်ပစ်ပြီးနောက် ကျန်ရှိသော အနည်အနှစ် Sludgeများသည် ရောဂါပိုးမွှားကင်းစင်ပြီး နိုက်ထရိုဂျင်နှင့် ဟိုက်ဒရိုတ်ဓာတ်များ များစွာပါဝင်သည့်အတွက် မြေဆီလွှာနည်းပါးသော မြေများတွင်ရောနှောထည့်ပေးပါက စိုက်ပျိုးသီးနှံ ကြီးထွားမှုကို များစွာအထောက်အကူဖြစ်စေသည်။အထက်ပါ မြေဩဇာများကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီရှိ စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုဆောင်ရွက်လျက်ရှိသည်။

ရေဆိုးသန့်စင်စက်ရုံကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အောက်ရှိ မြန်မာအင်ဂျင်နီယာများ၊ ပြင်ပအကြံပေးပညာရှင်များ ပူးပေါင်းတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

သို့ဖြစ်ရာ ခေတ်မီရေဆိုးသန့်စင်စက်ရုံ တည်ဆောက်အကောင်အထည်ဖော်နိုင်ခြင်းကြောင့် ပတ်ဝန်းကျင်သန့်ရှင်းမှုကို များစွာ အကျိုးပြုစေပြီး နိုင်ငံသားအင်ဂျင်နီယာများ၏ စွမ်းဆောင်မှုအရည်အသွေးကိုလည်း ဖော်ညွှန်း ပြသလိုက်ခြင်းဖြစ်ပါသည်။ ။

တစ်နေ့လျှင် ရေဆိုးဂါလန်သုံးသန်းခန့်ကို သန့်စင်ပေးနေသည့် ရေဆိုးသန့်စင်ကန်၏ ရေလုပ်ငန်းဆောင်ရွက်နေမှုကို တွေ့ရစဉ်။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁-၂-၂၀၀၇ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၂၅ ၇။ မြန်မာသံစဉ်ချိုနားဝင်
၅:၃၀ ၈။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၅:၃၅ ၉။ ဟဒယရွှင်လန်းအငြိမ့်ခန်း
၅:၄၀ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၃၀ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၆:၃၅ ၁၅။ လှုပ်လှုပ်ရှားရှားပုံရိပ်များ
၇:၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြစ်တစ်စင်းရဲ့သံစဉ်" (အပိုင်း–၁၆)**
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ ကုန်သွယ်သုတ
၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မိုးနဂါးသိုင်း(၈)ကွက်" (အပိုင်း–၃)**
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။

တိုက်ဂါး-မြန်မာ အပျော်တမ်းတံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ ဖေဖော်ဝါရီ ၁၃ရက်မှ ၁၆ရက်အထိ ရန်ကုန်ဂေါက်ကလပ်၌ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃၁

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ Myanmar Brewery Ltd. က အဓိက ကူညီပံ့ပိုးသော ၂၀၀၇ခုနှစ် တိုက်ဂါး-မြန်မာ အပျော်တမ်း တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၆ ရက်အထိ ရန်ကုန်မြို့ရှိ ရန်ကုန်ဂေါက်ကလပ် (တညင်းကုန်း)၌ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် အပျော်တမ်းအဆင့် အကျောပေး (Amateur Handicap O-12) အထိရှိသူများသာ ပါဝင် ယှဉ်ပြိုင်နိုင်သည်။

အဆိုပါပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ကြမည့် မြန်မာအပျော်တမ်း ဂေါက်သီးရိုက် အားကစားသမားများသည် ဖေဖော်ဝါရီ ၁၁ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ ဖုန်း-၇၂၃၂၂၁နှင့် ၅၄၂၉၈၉ တို့သို့ အမည်စာရင်းပေးသွင်းနိုင်သည်။

၂၀၀၇ခုနှစ် တိုက်ဂါး-မြန်မာအပျော်တမ်း တံခွန်စိုက် ဂေါက်သီးရိုက် ပြိုင်ပွဲဝင် အားကစားသမားများအား ဆုများကို ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲ၏ Main Sponsor မှာ Myanmar Brewery Ltd. ဖြစ်၍ Co-Sponsors များအဖြစ် ALPINE Purified Drinking Water, Srixon, Point Golf Gear Factory, Air Mandalay နှင့် ACCEL International Co., Ltd. (CANON) တို့က အသီးသီး ပါဝင်ကူညီကြပြီး ၂၀၀၇ခုနှစ် တိုက်ဂါး-မြန်မာအပျော်တမ်းတံခွန်စိုက်ဂေါက်သီး ရိုက်ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေး အတွက် Organized By Han Event Management က တာဝန်ယူ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာအုပ်များ ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၃၁

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က စာပေဗိမာန်စာမူဆုရ စာအုပ်များနှင့် ပခုက္ကူဦးအုံးဖေ စာပေဆုရ စာအုပ်များကို ဖြန့်ချိရောင်းချနေပြီဖြစ်သည်။

အဆိုပါစာအုပ်များမှာ ၂၀၀၂ခုနှစ် စာပေဗိမာန် စာပဒေသာ ဒုတိယဆုရ ယောနကဘိုးထောင် ရေးသားသည့် "ပန်းအလင်္ကာ"စာအုပ်၊ လူငယ်စာပေ ဒုတိယဆုရ တင့်ထွန်း (ချောက်) ရေးသားသည့် "ဗြဟ္မစိုရ်အရပ်က ရွာသောမိုး"စာအုပ်၊ ၂၀၀၃ခုနှစ် စာပေဗိမာန်စာမူဆု မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ တတိယဆုရ အေးအေးစိုး(ဖျာပုံ)ရေးသားသည့် "ရုပ်ရှင်သမိုင်းနှင့် မြန်မာ့ရုပ်ရှင်မှတ်တမ်း"စာအုပ်နှင့် ၂၀၀၃ခုနှစ် ပခုက္ကူဦးအုံးဖေစာပေဆု ရရှိကြသော သုတေသနစာပေ တတိယဆုရ ရွှေနဂါး တင်ဝင်းရေးသားသည့် "ထာဝရတည်မြဲသောစွမ်းအင်" စာအုပ်၊ ဝတ္ထုရှည် တတိယဆုရ သွဲ့ထားညို (သက္ကလ) ရေးသားသည့် "လေကိုဆန်သော ပန်းသဇင်"စာအုပ်၊ ၂၀၀၄ ခုနှစ် ပခုက္ကူဦးအုံးဖေ စာပေဆု ဝတ္ထုတိုပေါင်းချုပ် တတိယဆုရ တွင်းကြီးသား တင်ဝင်းဦး ရေးသားသည့် "သူ့သူ့အနွယ် သူ့နယ်ကိုချစ်သည်နှင့် အခြားဝတ္ထုတိုများ"စာအုပ်တို့ဖြစ်သည်။

အဆိုပါ စာအုပ်များကို ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်ဆိုင်၊ မန္တလေးမြို့ ရတနာပုံ ဈေးသစ် (ဒုတိယထပ်)ရှိ စာပေဗိမာန် စာအုပ်ဆိုင်နှင့် ရန်ကုန်နှင့်နယ်ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲကို အမှတ်(၄၃)ရပ်ကွက်၊ ပညာဗိမာန်စာကြည့်တိုက်ရှေ့တွင် ဇန်နဝါရီ ၁၇ ရက်ကကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဌာန ဦးစီးမှူး ဒေါ်လှလှဌေး၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းဇော်နှင့် ရပ်ကွက်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲဥက္ကဋ္ဌ ဒေါ်ခင်နှင်းသီတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်။ (မြို့နယ်ပြန်/ဆက်)

ကျောက်ကြီးမြို့နယ်အတွင်း အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းများပေါက်ကွဲသဖြင့် အပြစ်မဲ့ပြည်သူနှစ်ဦး ထိခိုက်ဒဏ်ရာများရရှိ

ရန်ကုန် ဇန်နဝါရီ ၃၁

အကြမ်းဖက်သောင်းကျန်းသူများသည် နိုင်ငံတော်တည်ငြိမ်မှု၊ ရပ်ရွာအေးချမ်းသာယာမှု၊ တရားဥပဒေစိုးမိုးမှုနှင့် ပြည်သူလူထု၏လုံခြုံမှုများ ထိခိုက်ပျက်ပြားအောင် နည်းမျိုးစုံဖြင့် နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

ပဲခူးတိုင်း ကျောက်ကြီးမြို့နယ်အတွင်း ဇန်နဝါရီ ၂၆ရက်နှင့် ၂၇ရက်တို့တွင် သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းများ ပေါက်ကွဲမှုကြောင့် အပြစ်မဲ့ပြည်သူနှစ်ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ကြကြောင်း သိရှိရသည်။

ဇန်နဝါရီ ၂၆ရက် မွန်းတည့် ၁၂နာရီတွင် ကျောက်ကြီးမြို့နယ် ဖိုးသောင်းကျေးရွာအုပ်စု စောသန်းဝင်း(၃၅)နှစ်သည် တောထဲမှ ဝါးခုတ်ပြီးပြန်လာစဉ် မိချောင်းကျေးရွာအုပ်စုသို့အရောက်၌ သောင်းကျန်းသူများထောင်ထားသော မိုင်းနင်းမိသဖြင့် ဘယ်ခြေ ပြတ်တောက်ဒဏ်ရာရရှိသွားခဲ့သည်။

အလားတူ ဇန်နဝါရီ ၂၇ ရက် နံနက် ၁၁ နာရီတွင် ကျောက်ကြီးမြို့နယ် မုန်းဒေသ(၅)ရပ်ကွက်နေ မောင်ချမ်းမြေ့ (၂၁)နှစ်သည် ကော့ပြင်းကျေးရွာအနီး တောင်ခါးပြတ်သစ်တော၌ ထင်းခုတ်နေစဉ် သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းနင်းမိပေါက်ကွဲသဖြင့် ယာဘက်ခြေသလုံး ပွန်းပဲ့ဒဏ်ရာများရရှိသွားခဲ့သည်။

မိုင်းထိဒဏ်ရာရရှိသူ စောသန်းဝင်းအား ကျောက်ကြီးမြို့နယ် ပြည်သူ့ဆေးရုံသို့လည်းကောင်း၊ မောင်ချမ်းမြေ့အား မုန်းဒေသပြည်သူ့ဆေးရုံသို့လည်းကောင်း ပို့ဆောင်၍ ဆေးကုသပေးလျက်ရှိပြီး လိုအပ်သည်များကို တာဝန်ရှိသူများက ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည်။

ယခုကဲ့သို့ ပြည်သူလူထုအား ထိခိုက်ဒဏ်ရာရရှိစေရန် အများပြည်သူသွားလာလှုပ်ရှားသော နေရာများတွင် မိုင်းထောင်ခဲ့သည့် အကြမ်းဖက်သောင်းကျန်းသူများအား တာဝန်ရှိသူများက ပြည်သူလူထုနှင့် ပူးပေါင်း၍ ဖမ်းဆီးအရေးယူနိုင်ရေး စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းသိရှိရသည်။ (သတင်းစဉ်)

အ င် တ ာ န က် အ ာ း က စ ာ း သ တ င် း မျ ာ း

ချယ်လ်ဆီးအသင်းမန်နေဂျာအဖြစ် မော်ရင်ဟိုဆက်လက်ရှိနေမည်ဟုဆို

လန်ဒန် ဇန်နဝါရီ ၃၀

ချယ်လ်ဆီးအသင်းမန်နေဂျာ ဟိုဆေးမော်ရင်ဟိုသည် လက်ရှိဘောလုံးရာသီကုန်ဆုံးသည့်အခါ ယင်းအသင်းမှ ထွက်ခွာသွားမည်ဆိုသော ထင်ကြေးပေးပြောဆိုချက်များကို ယနေ့ပယ်ချလိုက်သည်။

ချယ်လ်ဆီးအသင်းနှင့် ချုပ်ဆိုထားသည့် မိမိ၏ ကန်ထရိုက်စာချုပ်သက်တမ်းမှာ ၂၀၁၀ ပြည့်နှစ်အထိဖြစ်ကြောင်း မော်ရင်ဟိုက ပြောကြားသည်။

မိမိသည် ၂၀၁၀ ပြည့်နှစ်အထိတိုင်အောင် မန်နေဂျာရာထူးတွင် ဆက်လက်ရှိနေမည်ဟု မျှော်လင့်ကြောင်း၊ မိမိနှင့် မိမိတို့အသင်းသားများ၏ ရည်မှန်းချက်များ ပေါက်မြောက်သည်အထိ မိမိတို့ကြိုးစားနေကြမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ။**

ရီးယဲလ်မဒရစ်အသင်းမှရော်နယ်ဒို အေစီမီလန်အသင်းသို့ပြောင်း

ရောမ ဇန်နဝါရီ ၃၁

ရီးယဲလ်မဒရစ်အသင်းမှ ရှေ့တန်းတိုက်စစ်မှူးအကျော်အမော် ရော်နယ်ဒိုသည် အီတလီ စီးရီးအေပြိုင်ပွဲများတွင် ပါဝင်ကစားရန် အေစီမီလန်အသင်းသို့ ကူးပြောင်းသွားပြီးဖြစ်ကြောင်း ဇန်နဝါရီ ၃၀ ရက်က ထုတ်ပြန်သောသတင်း၌ ဖော်ပြသည်။

ယခုအခါ ဘရာဇီးဘောလုံးသမားရော်နယ်ဒိုသည် အသက်(၃၀)အရွယ် ရှိနေပြီဖြစ်ပြီး ၎င်းသည် ဖီဖာ၏ ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုကို သုံးကြိမ်ရရှိထားသူလည်းဖြစ်သည်။ ၎င်းအီတလီအသင်းသို့ ကူးပြောင်းနိုင်ရေးအတွက် သဘောတူညီချက်ရရှိရန် အမေရိကန်ဒေါ်လာ ၉ ဒသမ ၇၃ သန်း သုံးစွဲခဲ့ရကြောင်း သိရသည်။

ရော်နယ်ဒိုကို အီတလီတွင်ဆေးစစ်ရာ ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးစစ်ချက်လည်း ရရှိထားပြီဖြစ်သည်ဟုဆိုသည်။ **အင်တာနက်။**

အေစီမီလန်အသင်းသို့ ပြောင်းရွှေ့သွားသည့် ရော်နယ်ဒို။ (ဓာတ်ပုံ- အင်တာနက်)

ရန်စလှုံ့ဆော်ခဲ့ခြင်းမရှိဟု မာကိုမာတာရာဇီပြောဆို

ရောမ ဇန်နဝါရီ ၃၀

တနင်္ဂနွေနေ့ကကျင်းပခဲ့သည့် စီးရီးအေဘောလုံးပြိုင်ပွဲတွင် ဆမ်ဒိုးရီးယားအသင်းမှ ကွင်းလယ်ကစားသမား ဂျင်နာရိုဒယ်ဗက်ချီယိုအား မိမိက ရန်စခဲ့ခြင်းမရှိကြောင်း အင်တာမီလန်အသင်းမှ မာကိုမာတာရာဇီက ယနေ့ပြောကြားသည်။ အဆိုပါဘောလုံးပြိုင်ပွဲအတွင်း ဒယ်ဗက်ချီယိုက မာတာရာဇီကို ဦးခေါင်းဖြင့် တိုက်ခဲ့သည်။

အင်တာမီလန်အသင်းသည် စီးရီးအေဘောလုံးပြိုင်ပွဲ အမှတ်ပေးဇယားတွင် ၁၁ မှတ်အသာဖြင့် ဦးဆောင်လျက်ရှိသည်။ ယင်းအသင်းသည် ၁၄ ပွဲဆက်တိုက်ရှုံးပွဲမရှိ စံချိန်ကိုလည်း တင်ထားနိုင်သည်။

ဒယ်ဗက်ချီယိုသည် မာတာရာဇီ၏ မေးစေ့ကို ဦးခေါင်းဖြင့်တိုက်ခဲ့ပြီးနောက် ပွဲချိန် ၇ မိနစ်တွင် ထုတ်ပယ်ခံခဲ့ရသဖြင့် အင်တာမီလန်အသင်းမှာ အားသာချက်ရရှိခဲ့သည်။ ဂျီနိုအာမြို့တွင်ကျင်းပသည့် ယင်းပွဲ၌ အင်တာမီလန်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မာတာရာဇီသည် လွန်ခဲ့သည့်နှစ်က ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ ပြင်သစ်အသင်းမှ ဇီနက်ဒင်းဇီဒန်း၏ ဦးခေါင်းဖြင့်တိုက်မှုကို ခံခဲ့ရသူဖြစ်သည်။ **အင်တာနက်။**

ဆမ်ဒိုးရီးယားအသင်းမှ ဒယ်ဗက်ချီယိုက အင်တာမီလန်အသင်းမှ မာတာရာဇီ(ယာ)**အား ဦးခေါင်းဖြင့် တိုက်စဉ်။** (ဓာတ်ပုံ-အင်တာနက်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁-၂-၂၀၀၇ (ကြာသပတေးနေ့)

- ၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇:၀၅ ဥပ္ပါတသန္တိ ကျမ်းတရားတော် (အရှင်ကုမာရဆရာတော်)
- ၈:၁၀ မြတ်ဗုဒ္ဓ၏မဟာဗုဒ္ဓဝင်
- ၈:၂၀ တေးဂီတအစီအစဉ်
- ၈:၃၅ ယနေ့သိပ္ပံနှင့်နည်းပညာ
- ၈:၅၀ ပြည်တွင်းသတင်းအကျဉ်း
- ၉:၀၀ ယှဉ်ပြိုင်ဆင်နွဲမြန်မာ့သိုင်းပြိုင်ပွဲ
- ၉:၂၀ တေးဂီတအစီအစဉ်
- ၉:၂၅ ပြည်တွင်းအနုပညာရေးရာ
- ၉:၅၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀:၀၀ သီရိလင်္ကာကမ္ဘာ့အေးစေတီ
- ၁၀:၁၅ မိုးလေဝသခန့်မှန်းချက်
- ၁၀:၂၀ သွားမယ်၊စားမယ် (Feel Garden)
- ၁၀:၄၅ တေးဂီတအစီအစဉ်
- ၁၀:၅၀ တံတားမြစ်ငယ်အသစ်သွယ် လူမှုစီးပွားကြွယ်
- ၁၁:၀၀ တေးဂီတအစီအစဉ်
- ၁၁:၀၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၁:၁၅ တေးဂီတအစီအစဉ်
- ၁၁:၂၀ ညှော်မယ်ဗျို့ (ခန့်စည်သူ၊ငှက်ပျောကြော်၊ မိုးပြည့်ပြည့်မောင်၊ တက္ကသိုလ်ငွမ်းပုံ) [ဒါရိုက်တာ-ဖုန်းမြင့်အောင်]
- ၁၁:၃၀ တေးဂီတအစီအစဉ်
- ၁၁:၃၅ Movie Talk (သရုပ်ဆောင် ဒါရိုက်တာ သတိုးစောနှင့်တွေ့ဆုံခြင်း) (အပိုင်း-၁)
- ၁၂:၁၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၂:၂၀ တည်ငြိမ်အေးဆေးစွာတရားဘာဝနာအားထုတ်နိုင်စရာ
- ၁၂:၃၅ တေးဂီတအစီအစဉ်
- ၁၂:၄၀ ဆည်မြောင်းရဲ့အားမာန် ပေါင်းလောင်းရေလှောင်တမံ
- ၁၃:၀၀ MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ကိုင်းတန်းလမ်းနေ ဦးမောင်မောင် အသက်(၈၀)ပြည့် မွေးနေ့အလှူအဖြစ် ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေ ကျပ်တစ်သိန်းကို ပိဋကတ်နှစ်ပုံခွဲ ဆောင်ဆရာတော် ဘဒ္ဒန္တ ပညာသိရီလင်္ကာရထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တီ-နီ(ရန်ကုန်ဌာန) လက်ထောက်အုပ်ချုပ်ရေးမှူး ဦးထိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် ဝေဇယန္တာလမ်း သီရိဂုဏ်အိမ်ရာဝင်းနေ ဦးမင်းထွန်း-ဒေါ်ခင်စောဝေ၊ သား ကိုစိုးမင်းထွန်း၊ ကိုကျော်မင်းထွန်း၊ သမီးမဝင်းမင်းထွန်း မိသားစုက အလှူတော်ငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း၊ ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ဝိနယ(ဝံသမေဒိနီ) ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မွန်ပြည်နယ် မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလွံစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း ဘက်စုံပြုပြင်တည်ဆောက်မှုလုပ်ငန်းအတွက် ဇန်နဝါရီ ၂၈ ရက်က အလှူရှင် မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်း အမှတ်(၄၀)နေ ဦးမောင်ဖြူ-ဒေါ်ရီရီချို မိသားစုက ငွေကျပ် တစ်သိန်းငါးသောင်း ပေးအပ်လှူဒါန်းရာ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း လက်ခံယူစဉ်။ (၂၅၇)

မုဒုံမြို့နယ် ဘိုးဘွားရိပ်သာအတွက် ဇန်နဝါရီ ၂၈ ရက်က ကန့်ဘလူမြို့နယ်နေ ဦးခင်မောင်အေး- ဒေါ်စိုးစိုးအေးမိသားစုက ငွေကျပ်တစ်သိန်းပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာအတွင်းရေးမှူး ဦးလှသိန်း လက်ခံယူပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

ကံမြင့်ကျောင်းတိုက် အထူးတရားပွဲ

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက် ဓမ္မာရုံကြီးတွင် ဖေဖော်ဝါရီ ၄ရက်မှ ဖေဖော်ဝါရီ ၁၃ ရက်အထိ ညစဉ် ၇ နာရီတွင် ပြည်တွင်းပြည်ပသာသနာပြု မဟာကမ္မဋ္ဌာနာစရိယ အောင်ဆန်း မိုးကုတ်ဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ၏ ခန္ဓာဉာဏ်ရောက် အထူးတရားပွဲ ကျင်းပမည်ဖြစ်ပါ၍ ကြွရောက်တရားနာယူနိုင်ကြောင်း သိရသည်။ (က-ပ)

ရန်ကင်းမြို့နယ် ပြည်သာယာ (ကျိုက္ကဆံတာမွေလေးသံလမ်းအနီး) ရွှေပြည်ဟိန်းကျောင်း၌ ဖွင့်လှစ်ထားသော ကုသိုလ်ဖြစ်ဆေးခန်း အာယုဒါနအလှူအတွက် မရမ်းကုန်းမြို့နယ် ကိုးမိုင်ဘောဂလမ်းနေ ဦးတင်လှိုင် မိသားစုက ဦးတင်လှိုင်၏ (၇၃)နှစ်မြောက်မွေးနေ့ဒါနအဖြစ် အမေရိကန်ဒေါ်လာ ၁၀၀နှင့် ဒေါ်အေးသီတာလှိုင်(လက်ထောက်ကထိက) (၄)နှစ်မြောက်ရည်စူး၍ အလှူတော်ငွေကျပ် တစ်သိန်းလှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုလွှာပြန်လည်ချီးမြှင့်စဉ်။ (၅၃၅)

တန့်ကြည့်တောင် ဝိပဿနာရိပ်သာပရိဝါသ်သိမ်းပွဲ

ရန်ကုန် ဇန်နဝါရီ ၃၁

အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ တန့်ကြည့်တောင်ဆရာတော်ကြီး ကြီးမှူးကျင်းပသော စတုတ္ထအကြိမ်မြောက် ပရိဝါသ် ဓမ္မသဘင်ကို မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင်ကျေးရွာ၌ ရဟန်းတော်များက ရက်ပေါင်း ၂၀တိုင် ပါဝင်ကျင်းပခဲ့ရာ ပရိဝါသ်သိမ်းပွဲကို ဖေဖော်ဝါရီ၆ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်သည်။ တန့်ကြည့်တောင် ဆရာတော်အပါအဝင် သံဃာတော် ၃၂ပါးတို့အား သိမ်ဆင်းလောင်းလှူကြမည်ဖြစ်၍ ယောဂီများနှင့်အလှူရှင်များ ကပ္ပိယကာရကအဖွဲ့ရုံး ဖုန်း-၆၃၈၀၈၈ သို့ ဆက်သွယ်လှူဒါန်းကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သတင်းရရှိသည်။ (က-ပ)

ပရိယတ္တိသဒ္ဓမ္မာနုဂ္ဂဟစာမေးပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ်လုံးဆိုင်ရာ (၃၈)ကြိမ်မြောက် ပရိယတ္တိသဒ္ဓမ္မာနုဂ္ဂဟစာမေးပွဲကြီးကို ၁၃၆၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်မှ ၉ ရက် (ဖေဖောဝါရီ ၄ ရက်မှ ၁၀ ရက်အထိ) မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ ဇမ္ဗူအေးတိုက် သဒ္ဓမ္မဝါဒီ ဟင်္သာတ ပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်ပြီး စာအောင်ဆုရ သံဃာတော်များအား ဖေဖော်ဝါရီ ၂၅ရက်(တနင်္ဂနွေနေ့)တွင် ကျမ်းစာအုပ်နှင့်နဝကမ္မအလှူငွေများဆက်ကပ်လှူဒါန်းမည်ဖြစ်ပါ၍ လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် ဖုန်း-၆၉၈၂၃၁ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မင်္ဂလာဒုံမြို့နယ် အမှတ်(၃၂) အခြေခံပညာမူလတန်းလွန်ကျောင်း ၂၀၀၅-၂၀၀၆ ပညာသင်နှစ် ပညာရည်ထူးချွန်ဆု ချီးမြှင့်ပွဲကို ဇန်နဝါရီ ၁၉ ရက်ကကျင်းပရာ တတိယတန်း ပထမဆုရ မသံသာသက်သက်ဇော်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်မေသဇင် ဆုချီးမြှင့်စဉ်။ (ပညာရေး)

လက်ထပ်မင်္ဂလာ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးစန်းလွင်(ဦးဆောင်ညွှန်ကြားရေးမှူး-ငြိမ်း၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း)-ဒေါ်အေးအေးသန်းတို့၏သား

မောင်သန့်ဇင်

B.Sc(Hons;) Computing and Information System (University of Nottingham UK),IT Executive, Canon Singapore Pte, Ltd.

နှင့်

ရန်ကုန်မြို့နေ ဦးခင်မောင်ဝင်း-ဒေါ်စန်းစန်းခိုင်(Real Gems & Jewellery - FMI Shopping Center) တို့၏ သမီး

မခင်ငြိမ်းအေးသန်း

B.C.Sc(Hons;) UCSY,B.A English (YUFL), Reporter The Myanmar Times

တို့အား Sedona Hotel Executive Clubတွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးခဲ့သော တရားရုံးချုပ်တရားသူကြီး ဒေါက်တာတင်အောင်အေးအားလည်းကောင်း၊ ၂၇-၁-၂၀၀၇ရက်တွင် Sedona Hotel Grand Ballroom တွင် ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်၍ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်များကို ချီးမြှင့်ဆင်မြန်းပေးသော တရားရုံးချုပ် တရားသူကြီး ဒေါက်တာတင်အောင်အေးနှင့်ဇနီးဒေါ်ခင်ဝင်းအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးသော စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၏ဇနီး ဒေါ်ခင်မာအေးအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပစ္စည်း ပေးပို့ချီးမြှင့်ပါသော သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့်ဇနီး ဒေါ်ခင်ဌေးမြင့်တို့အားလည်းကောင်း၊ စွမ်းအင်ဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးနှင့်ဇနီး ဒေါ်စိုးဝတ်ရည် တို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း လက်ဖွဲ့ပစ္စည်းပေးပို့ချီးမြှင့်ကြသော ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟ အပေါင်းတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသော အဆိုတော်ဒေါ်တင်တင်မြနှင့် မင်္ဂလာတေးသံသာများနှင့် ဖျော်ဖြေပေးသော အေဝမ်းဦးစိုးမြင့် တေးဂီတအဖွဲ့နှင့်တေးသံရှင်များ၊ မေတ္တာဖြင့် မင်္ဂလာပန်းကြဲပေးသော မမြတ်မိုးခိုင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကိုင်ဆောင်ပေးသော မသက်မြတ်နိုးမြင့်ဇင်၊ မင်္ဂလာလက်စွပ်ဗန်းကို ကိုင်ဆောင်ပေးသော မဇင်ဇင်လင်း၊ သတို့သားအရံ မောင်ထွန်းကျော်နှင့်မောင်ဝေပြည့်ဖြိုး၊ သတို့သမီးအရံ မမို့မို့သော်နှင့် မမိုးမိုးဦး၊ မင်္ဂလာဝတ်စုံကိုဖန်တီးပေးသည့် မမဥ္ဇူ၊ မိတ်ကပ်ဆံပင် အလှဖန်တီးရှင် စိုးစိုးနှင့်ကိုကျော်၊ ပန်းအလှပြင်မစန်းစန်းဦး၊ မေတ္တာဖြင့်မင်္ဂလာဧည့်ခံပွဲကို မှတ်တမ်းတင်နိုင်ရန် စီစဉ်ပေးသော မြန်မာတိုင်းမ်မှဓာတ်ပုံဦးအောင်ထွန်းဝင်း၊ မေတ္တာဖြင့် မင်္ဂလာပွဲမှတ်တမ်းဓာတ်ပုံများကို ရိုက်ကူးပေးသောမြန်မာတိုင်းမ်မှ ကိုလွင်မောင်မောင်၊ မင်္ဂလာပွဲအလှ ဓာတ်ပုံရိုက်ကူးပေးသည့် ဦးမြဝင်း(City Rays)၊ ဗီဒီယိုမှတ်တမ်းတင် ဝဏ္ဏခွာနီးအဖွဲ့၊ Sedona Hotel မှမန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း မင်္ဂလာဧည့်ခံပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရန် အဘက်ဘက်မှ ကူညီပေးကြသော ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်သန့်ဇင်-မခင်ငြိမ်းအေးသန်း

မြန်မာစာအဓိကကျောင်းသားများ ဆရာပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်တက္ကသိုလ် (၁၉၆၉-၇၃) မြန်မာစာအဓိက ကျောင်းသား၊ကျောင်းသူများ၏ အငြိမ်းစား ဆရာ၊ဆရာမကြီး ၁၃ဦးတို့အား ပဉ္စမအကြိမ်မြောက် ပူဇော်ကန်တော့ပွဲနှင့် တွေ့ဆုံပွဲကို ဖေဖော်ဝါရီ ၁၂ရက်(ပြည်ထောင်စုနေ့)မွန်းလွဲ ၁နာရီတွင် တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ (၁၉၆၉-၇၃)မြန်မာစာအဓိကကျောင်းသားကျောင်းသူများ တက်ရောက်ကြရန်နှင့် အလှူငွေများကို ဦးစိုးညွန့် (တော်ဝင်နှင်းဆီ)ဖုန်း-၅၄၂၇၁၉၊ ၅၄၂၇၂၀၊ ဦးစန်းမြင့် ဖုန်း-၂၀၀၀၁၉၊ ၀၅၆-၂၁၈၆၆၊ ဦးကျော်ဇေယျ ဖုန်း-၀၉၅၀၀၇၈၄၉၊ ဒေါ်ခင်ရွှေဦး ဖုန်း-၅၆၆၁၃၁၊ ၇၀၄၅၆၅၊ ဒေါ်ရီရီတာ ဖုန်း-၅၇၀၅၈၄၊ ဒေါ်နွယ်နွယ်လင်း ဖုန်း-၆၆၀၀၅၀တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ပန်းပျိုးသူတို့ အလင်္ကာ ဆက်လက်ရုံတင်မည်

ရုပ်ရှင်

ရန်ကုန် ဇန်နဝါရီ ၃၁

ယခုသောကြာပတ် ဖေဖော်ဝါရီ ၂ ရက်တွင် မြန်မာရုပ်ရှင်ဓာတ်ကားသစ်မဝင်ဘဲ ပြသဆဲ **"ပန်းပျိုးသူတို့ အလင်္ကာ"** ဓာတ်ကားတစ်ကားသာ ရှေ့ဆောင်ရုံတစ်ရုံတည်း ဆက်လက်ပြသမည်ဖြစ်သည်။

ရီမြင့် ရုပ်ရှင်ထုတ်လုပ်ရေးမှ မောင်ယဉ်အောင်၏ ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာဟိန်းစိုး ရိုက်ကူးသည့် **ပန်းပျိုးသူတို့ အလင်္ကာ**ဓာတ်ကားမှာ ပန်းပျိုးရသော ဥယျာဉ်မှူးတစ်ယောက်ဖြစ်သည့် စေတနာဆရာတစ်ဦး၏ မိမိကျောင်းသားများအပေါ်တွင်သာမက မိမိ၏ နှလုံးသားရေးရာကိစ္စတွင်ပါ အနစ်နာခံပုံ၊ ဖြစ်ချင်သည့်ဆန္ဒနှင့် ဖြစ်သင့်သည့် ကိစ္စတို့ကို ခွဲခြားပြသကာ ပရိသတ် စွဲမက်ကျန်ရစ်အောင် ရိုက်ကူးထားသည့် မြန်မာဓာတ်ကားကောင်းတစ်ကားဖြစ်သည်။ လူမင်း၊ နေတိုး၊ မေသဉ္ဇာဦး၊ နဝရတ်၊ ဇော်ဝမ်း၊ ဧည့်သည် သရုပ်ဆောင် ရဲအောင်၊ ကိုပေါက်၊ ဇင်မျိုးနှင့် ခင်မို့မို့အေးတို့ ပါဝင်ထားကြသည်။

နိုင်ငံခြားရုပ်ရှင်

သမ္မတအဆင့်မြင့် ရုပ်ရှင်ရုံတွင် သိပ္ပံပညာနှင့်စိတ်စွမ်းအင်အသားပေး အိန္ဒိယဓာတ်ကားသစ် KRRISH ဓာတ်ကား ဖေဖော်ဝါရီ၂ရက်(သောကြာနေ့)၌ ရုံတင်ပြသမည်ဖြစ်သည်။ ဤဓာတ်ကားတွင်Hrithik Roshan၊ Rekhaနှင့် Priyanka Chopra တို့ ပါဝင်သရုပ်ဆောင်ထားကြသည်။

သွင်ရုံတွင်ဒါရိုက်တာZhang Vimou ရိုက်ကူးသည့် သမိုင်းနောက်ခံပြု ဓာတ်ကြမ်းကား House of Flying, Dagger ၊မင်္ဂလာရုံတွင် ဂျိမ်းဘွန်းစုံထောက်ဓာတ်ကြမ်း Casino Royale ဓာတ်ကားနှင့် နေပြည်တော်ရုံတွင် ကွန်ဖူးအသားပေး Dragon Tiger Gate ဓာတ်ကားများ ပြသမည်ဖြစ်သည်။ (ကြေးမုံ)

ယခု သောကြာပတ် ရှေ့ဆောင်ရုံ၌ ပြသမည့် "ပန်းပျိုးသူတို့ အလင်္ကာ" ဓာတ်ကားမှ ရွှင်မြူးဖွယ် ဓာတ်ဝင်ခန်း တစ်ခန်းကို တွေ့ရစဉ်။

အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးရှေ့၌ ဆန္ဒပြမှုများ နှစ်ရက်ဆက်တိုက်ဖြစ်ပွား
ပြည်တွင်းရေးဝင်ရောက်စွက်ဖက်မှုကို မခံမရပ်နိုင်သောလူထုက ရှေ့တန်းထွက်၍ ကန့်ကွက်

ပြည်သူတို့၏ ဆန္ဒသဘောထားများနှင့် တစ်သားတည်း ထင်ဟပ်လျက် နယ်ချဲ့လက်သစ်၏ ဗိုလ်ကျစိုးမိုးရေးလုပ်ရပ် ရပ်တန်းကရပ်ရန် သတိပေးလိုက်ပြီ

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးရှေ့နှင့် ဗြိတိန်သံရုံးရှေ့တွင် ဇန်နဝါရီလ ၃၀ရက် ယမန်နေ့ နံနက် ၁၁နာရီခန့်က ဆန္ဒပြမှုနှစ်ခု ပြိုင်တူဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

အမေရိကန်သံရုံးရှေ့၌ ဆန္ဒပြမှုကို ကိုယ်တိုင်မြင်တွေ့ရသူများက ယမန်နေ့နံနက် ၁၁နာရီခန့်တွင် မဟာဗန္ဓုလပန်းခြံလမ်းအတွင်းမှ လူ ၃၀ ခန့် နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ စီတန်းထွက်ပေါ်လာပြီး ကုန်သည်လမ်းအတိုင်း အမေရိကန်သံရုံးရှေ့သို့ ဦးတည်ချီတက်သွားကြကြောင်း၊ ၎င်းတို့အနက် တချို့က ပိတ်စအဖြူပေါ်တွင် အင်္ဂလိပ်ဘာသာဖြင့်ရေးသားထားသည့် လက်ကိုင်ပိုစတာများ ကိုင်ဆောင်ထားကြကြောင်း၊ ဆန္ဒပြသူများသည် အမေရိကန်သံရုံးအလွန်တွင် နောက်သို့ပြန်လှည့်၍ သံရုံးရှေ့မျက်နှာစာ၌ ပိုစတာနှင့် စာရွက်များချထားပြီး ချက်ချင်းလူစုခွဲသွားကြောင်း၊ တစ်စုံတစ်ရာ ကြွေးကြော်အော်ဟစ်မှု မရှိကြောင်း၊ ၎င်းတို့ကြဲချသွားသည့် စာရွက်များကို အမေရိကန်သံရုံးမှ ဝန်ထမ်းတစ်ဦးနှင့် အစောင့်တစ်ဦးက လာရောက်ကောက်ယူသွားသည်ကို တွေ့လိုက်ရကြောင်း ပြောကြားသည်။

အလားတူ ဗြိတိန်သံရုံးရှေ့၌ ဆန္ဒပြမှုကို မြင်တွေ့ရသူများ၏ ပြောကြားချက်အရ ဇန်နဝါရီလ ၃၀ ရက် ယမန်နေ့နံနက် ၁၁ နာရီခန့်တွင် ကမ်းနားလမ်းဟိုတယ်ဘက်မှ လူ ၄၀ နီးပါး ထွက်လာပြီး ကမ်းနားလမ်းအတိုင်း ဗြိတိန်သံရုံးရှေ့သို့ ဦးတည်ချီတက်လာကြောင်း၊ အင်္ဂလိပ်စာတန်းပါရှိသည့် လက်ကိုင်ပိုစတာများကို တချို့က ကိုင်ဆောင်ထားကြောင်း၊ ဗြိတိန်သံရုံးရှေ့သို့အရောက်တွင် ပိုစတာနှင့် စာရွက်များချသွားသည်ကို တွေ့လိုက်ရကြောင်း၊ ၎င်းအဖွဲ့သည် သံရုံးအလွန်တွင် လူစုခွဲသွားကြောင်း သိရှိရသည်။

ထို့အတူ ယနေ့မွန်းလွဲ ၃နာရီခန့်ကလည်း အဆိုပါအမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးရှေ့တို့တွင် ဆန္ဒပြမှုများ ထပ်မံဖြစ်ပွားခဲ့ကြောင်း သတင်းများရရှိသည်။

ဖြစ်ပွားပုံမှာ ယနေ့မွန်းလွဲ ၃နာရီအချိန်ခန့်တွင် ရန်ကုန်မြို့ ကုန်သည်လမ်းနှင့် ဆူးလေဘုရားလမ်း လမ်းဆုံမီးပွိုင့်ဘက်မှ လူ ၄၀ ခန့်သည် အမေရိကန်နှင့် ဗြိတိန်တို့အား ဆန့်ကျင်ရှုတ်ချသည့် ပိုစတာများကိုင်ဆောင်ပြီး ကုန်သည်လမ်းအတိုင်း အမေရိကန်သံရုံးရှေ့သို့ ချီတက်လာကြကြောင်း၊ ဆန္ဒပြသူများသည် အမေရိကန်သံရုံးရှေ့အရောက်တွင် ခေါက်တုံ့ခေါက်ပြန်လျှောက်၍ ဆန္ဒပြပြီး ပိုစတာများနှင့် စာရွက်များကို ၎င်းသံရုံးရှေ့၌ချထားကာ လူစုခွဲသွားကြကြောင်း သိရသည်။

ပိုစတာများကိုင်ဆောင်

အလားတူ ယနေ့မွန်းလွဲ ၃နာရီကျော်ခန့်တွင် လူ ၃၀ နီးပါးသည် အမေရိကန်နှင့် ဗြိတိန်တို့အား ဆန့်ကျင်ရှုတ်ချသည့် ပိုစတာများကိုင်ဆောင်လျက် ရန်ကုန်မြို့ ကမ်းနားလမ်းအတိုင်း စာတိုက်ကြီးဘက်မှ ချီတက်လာပြီး ဗြိတိန်သံရုံးရှေ့၌ ခေါက်တုံ့ခေါက်ပြန်လျှောက်၍ ဆန္ဒပြကြကြောင်း၊ ကြွေးကြော်သံပိုစတာများနှင့် သဘောထားကြေညာချက်စာရွက်များကို ဗြိတိန်သံရုံးရှေ့တွင် ချထားပြီး မကြာမီ လူစုခွဲသွားကြောင်းသိရသည်။

ဆန္ဒပြသူများ ကြဲချသွားသည့်ကြွေးကြော်သံများမှာ **"မြန်မာ့အရေးကို ဝင်ရောက်စွက်ဖက်ရန် ကုလသမဂ္ဂ လုံခြုံရေးကောင်စီအား ခုတုံးလုပ်အသုံးမချနဲ့၊ မြန်မာနိုင်ငံရဲ့ပုံရိပ်ကို မဖျက်ဆီးနဲ့၊ အမေရိကန်နဲ့ ဗြိတိန်တို့ရဲ့ ဗိုလ်ကျစိုးမိုးရေးဝါဒ ကျဆုံးပါစေ၊ ခေတ်သစ်ကိုလိုနီဝါဒ ကျဆုံးပါစေ၊ မြန်မာ့အရေးသည် ကျွန်ုပ်တို့၏ ပြည်တွင်းရေးသက်သက်သာဖြစ်သည်၊ အာဏာကို ဖြတ်လမ်းမှလိုချင်သော ပုဆိန်ရိုးတွေ ကျဆုံးပါစေ"** စသည်ဖြင့်ဖြစ်ကြောင်း တွေ့ရသည်။

ထို့အတူ **"မြန်မာနိုင်ငံအပေါ် မဟုတ်မမှန် လုပ်ကြံစွပ်စွဲသော အမေရိကန်နှင့် ဗြိတိန်တို့အား ဆန့်ကျင်ကန့်ကွက်ရှုတ်ချခြင်း"** ခေါင်းစဉ်ဖြင့် ရေးသားထားသောစာကိုလည်းကောင်း၊ **"မြန်မာ့အရေးကို ဝင်ရောက်စွက်ဖက်ရန်အတွက် ကုလသမဂ္ဂကို**

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✪

မြန်မာ့ပြည်တွင်းရေးအား စွက်ဖက်ခြယ်လှယ်ရန် ပူးပေါင်းလုပ်ကြံမှု မအောင်မြင်၍ NCGUB စိန်ဝင်း၊ FTUB မောင်မောင်နှင့်အဖွဲ့ အမေရိကန်၌ ရောက်ရှိတွေ့ဆုံ

အကြမ်းဖက်အဖျက်အမှောင့်လုပ်ရပ်များ တိုးမြှင့်လုပ်ဆောင်ရန်အတွက် ဖောက်ခွဲဖျက်ဆီးရေးသမားများအား ပြည်တွင်းသို့စေလွှတ်လျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၃၁

မြန်မာနိုင်ငံ၏ ပြည်တွင်းရေးအား ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ ဆုံးဖြတ်ချက် (Resolution) ချမှတ်နိုင်ရန် အဆိုပြုချက်မူကြမ်း ပူးပေါင်းတင်သွင်းခဲ့သော အမေရိကန်နှင့် ဗြိတိန်တို့၏လုပ်ရပ်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က ဗီတိုအာဏာ (Double Veto) ဖြင့် ကန့်ကွက်ပယ်ချခဲ့သည်။

အမေရိကန်၊ ဗြိတိန်တို့နှင့် ၎င်းတို့ တစ်ကျိတ်တည်း တစ်ဉာဏ်တည်း ပူးပေါင်းလုပ်ဆောင်ခဲ့သော အဆိုပါလုပ်ရပ် ပယ်ချခံလိုက်ရသည့်အတွက် ယခု ဇန်နဝါရီလအတွင်း အမေရိကန်နိုင်ငံ၌ NCGUBမှ ပြည်ပြေးစိန်ဝင်း၊ FTUBမှ မောင်မောင်(ခေါ်) ပြည်သစ်ညွန့်ဝေ၊ NDDမှ ကျော်ကျော်နှင့် FDB မှ ဒေါက်တာနိုင်အောင်တို့တွေ့ဆုံပြီး ၎င်းတို့၏ အကြမ်းဖက် အဖျက်အမှောင့်လုပ်ငန်းများကို ပိုမိုအရှိန်တိုးမြှင့်လုပ်ဆောင်ရန် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်းနှင့် ၎င်းအကြမ်းဖက် အဖျက်အမှောင့်လုပ်ငန်းများအတွက် လိုအပ်သောပံ့ပိုးမှုများကို ပြည်ပရှိ ဆန့်ကျင်ဘက်အဖွဲ့များက ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ ပြည်ပြေးအကြမ်းဖက် အဖျက်သမားများ ပူးပေါင်းအဖွဲ့က ၎င်းတို့၏ အစီအမံကို အကောင်အထည်ဖော်ရန်အတွက် ABSDF မှ မြင့်ဇော်၊ NDD မှ ရဲထွဋ်နှင့် မြင့်နိုင်၊ ALP မှ တင်မိုး၊ MLOB မှ မျိုးနိုင်၊ တင်နိုင်၊ သန်းဇော်နှင့် လှထွန်း၊ KWO မှ နော်ဘီလွင်၊ ဝေဇင်ဇော်၊ အေးအေးနှင့် ကေဝင်းပွင့်တို့အား နယ်စပ်ဒေသ မြဝတီတစ်ဝိုက်မှတစ်ဆင့် ကော့ကရိတ်-ကျုံဒိုး-ဘားအံ-မော်လမြိုင် လမ်းအတိုင်း ပဲခူးတိုင်းအတွင်းနှင့် ရန်ကုန်မြို့အတွင်းသို့ စေလွှတ်လိုက်ကြောင်းလည်း သတင်းရရှိသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆